


အတွဲ (၄) အမှတ် (၃) ၂၀၂၅ ခုနှစ်၊ ဇွန် (၁) ရက်

## မြန်မာနိုင်ငံဟိုတယ်နှင့်ခရီးသွားလုပ်ငန်း စနစ်တကျ ဖွံ့ဖြိုး တိုးတက်ရေးအတွက် အားလုံးဝိုင်းဝန်း ပူးပေါင်းဆောင်ရွက်ပေးကြစေလိုကြောင်း ပြည်ထောင်စုဝန်ကြီး အမှာစကားပြောကြားခြင်းမှ ကောက်နုတ်ချက်




"စီးပွားရေးဖွံ့ဖြိုးတိုးတက်အောင်ဆောင်ရွက်လျက်ရှိသည့် ကဏ္ဍကြီးများတွင် ခရီးသွားလုပ်ငန်းသည် ကဏ္ဍတစ်ခုအဖြစ်ပါဝင်နေသည့်အတွက် ဝန်ထမ်းများက အလေးထားဆောင်ရွက်ကြရန် လိုအပ်ပါကြောင်း၊ ဝန်ကြီးဌာနအနေဖြင့်ခရီးသွားလုပ်ငန်း မြှင့်တင်နိုင်ရေးအတွက် မြန်မာနိုင်ငံတွင် အာဆီယံအစားအစာပွဲတော်ကဲ့သို့ ခရီးသွားမြှင့်တင်ရေးဆိုင်ရာအစီအစဉ်များကို အစိုးရ-ပုဂ္ဂလိက ပူးပေါင်းဆောင်ရွက်မှုဖြင့် အကောင်အထည်ဖော်ဆောင်ရွက်လျက်ရှိပါကြောင်း၊"

---

## ဒုတိယဝန်ကြီး ဦးဖြိုးဇော်စိုး တောင်ကြီးမြို့ရှိ ခရီးစဉ်ဒေသစီမံခန့်ခွဲရေးအဖွဲ့များနှင့် တွေ့ဆုံရာတွင် အမှာစကားပြောကြားခြင်းမှ ကောက်နုတ်ချက်




"ဖော်ရွေပျူငှာသည့် တိုင်းရင်းသားများ၏ ရိုးရာဓလေ့ထုံးတမ်း အစဉ်အလာများ၊ နေထိုင်စားသောက်ပုံများ၊ DMO များအနေဖြင့်ခရီးသွားလုပ်ငန်းမှတစ်ဆင့် မိမိတို့ဒေသဖွံ့ဖြိုးတိုးတက်ရေး၊ ယဉ်ကျေး မှုအမွေအနှစ်များနှင့် သဘာဝပတ်ဝန်းကျင် ထိန်းသိမ်းစောင့်ရှောက်ရေးအပြင် ဟိုတယ်နှင့်ခရီးသွားဆိုင်ရာ လူ့စွမ်းအားအရင်းအမြစ်များ ဖွံ့ဖြိုးတိုးတက်ရေးအတွက် လုပ်ငန်းရှင်များ၊ ဒေသခံပြည်သူများနှင့်ပူးပေါင်း၍ အားလုံးဝိုင်းဝန်း ကြိုးပမ်းဆောင်ရွက်ကြရမည်ဖြစ်ကြောင်း"

# မာတိကာ


- မြန်မာနိုင်ငံဟိုတယ်နှင့်ခရီးသွားလုပ်ငန်း စနစ်တကျဖွံ့ဖြိုးတိုးတက်ရေးအတွက်အားလုံးဝိုင်းဝန်းပူးပေါင်းဆောင်ရွက် ပေးကြစေလိုကြောင်း ပြည်ထောင်စုဝန်ကြီးအမှာစကား ပြောကြားခြင်းမှ ကောက်နုတ်ချက် — ၁
- ဒုတိယဝန်ကြီးဦးဖြိုးဇော်စိုး တောင်ကြီးမြို့ရှိ ခရီးစဉ်ဒေသစီမံခန့်ခွဲရေးအဖွဲ့များနှင့် တွေ့ဆုံခြင်းရာတွင်အမှာစကားပြောကြားခြင်းမှ ကောက်နုတ်ချက် — ၁
- ပြည်ထောင်စုဝန်ကြီးဦးကျော်စိုးဝင်း လျှော်ဘေးသင့်ဝန်ထမ်းများနှင့် မိသားစုဝင်များအား ဝန်ကြီးဌာနအစီအစဉ်ဖြင့် ပြောင်းရွှေ့နေရာချထားပေးနိုင်ရေးပြင်ဆင်ဆောင်ရွက်နေမှုအခြေအနေများအား ကြည့်ရှုစစ်ဆေး — ၃
- ပြည်ထောင်စုဝန်ကြီးဦးကျော်စိုးဝင်း ဝန်ကြီးဌာနရှိ ဌာနအလိုက်ဝန်ထမ်းများရုံးလုပ်ငန်း ပုံမှန်ဆောင်ရွက်နေမှုအခြေအနေများကို ကြည့်ရှုစစ်ဆေး — ၃-၄
- ပြည်ထောင်စုဝန်ကြီးဦးကျော်စိုးဝင်း မန္တလေးငလျင်ကြီးဒဏ်ခံခဲ့ရသည့် ဝန်ထမ်းများနှင့် မိသားစုဝင်များနေထိုင်နိုင်ရန် (၂)ခန်းတွဲ ဘာရာအဆောက်အဦများ ဆောက်လုပ်မည့်မြေနေရာအား ကြည့်ရှုစစ်ဆေး — ၄
- နှစ်သစ်မင်္ဂလာအန္တရာယ်ကင်း ပရိတ်တရားတော်ရွတ်ဖတ်ပူဇော်ပွဲနှင့် သင်္ကြန်ပူဇော်ကန်တော့ပွဲ အခမ်းအနားကျင်းပ — ၄-၅
- ပြည်ထောင်စုဝန်ကြီး ဦးကျော်စိုးဝင်း မန္တလေးမြို့အတွင်း မန္တလေးငလျင်ကြီးကြောင့် ပြိုကျပျက်စီးခဲ့သည့် ဟိုတယ်များအား လှည့်လည်ကြည့်ရှုစစ်ဆေး၍ ဟိုတယ်နှင့်တည်းခိုရိပ်သာလုပ်ငန်းရှင်များအား တွေ့ဆုံဆွေးနွေး — ၅
- ပြည်ထောင်စုဝန်ကြီး ဦးကျော်စိုးဝင်း လျှော်ဘေးဒဏ်သင့်ဝန်ထမ်းများအတွက် ပြည်တွင်း/ ပြည်ပအလှူရှင်များက လှူဒါန်းပစ္စည်းများအား လက်ခံလွှဲပြောင်းပေးခြင်းနှင့် မန္တလေးမြို့ရှိ ဝန်ကြီးဌာနမှရုံးအဆောက်အဦနှင့်ဝန်ထမ်း အိမ်ရာများသို့ သွားရောက်ကြည့်ရှုစစ်ဆေးပြီး ဝန်ထမ်းများအားတွေ့ဆုံအားပေး — ၅-၆
- ပြည်ထောင်စုဝန်ကြီးဦးကျော်စိုးဝင်း အင်အားပြင်းငလျင်ဒဏ်ကြောင့် ထိခိုက်ခံစားခဲ့ရသော ဝန်ထမ်းနှင့်မိသားစုဝင်များ ယာယီနေထိုင်ရာနေရာများသို့ ပြောင်းရွှေ့နေထိုင်နေမှုအခြေအနေများအား ကြည့်ရှုစစ်ဆေး — ၆
- ပြည်ထောင်စုဝန်ကြီးဦးကျော်စိုးဝင်း ပြည်တွင်း/ပြည်ပ ကူညီကယ်ဆယ်ရေးအဖွဲ့များအား ကျေးဇူးတင်ဂုဏ်ပြုလွှာပေးအပ်ခြင်းနှင့် လှူဒါန်းပစ္စည်းများအား ဝန်ထမ်းမိသားစုများထံသို့ လွှဲပြောင်းပေးအပ် — ၆-၇
- ပြည်ထောင်စုဝန်ကြီးဦးကျော်စိုးဝင်း အင်အားပြင်း ငလျင်ဒဏ်ကြောင့် ထိခိုက်ခံစားခဲ့ရသော ဝန်ထမ်းနှင့်မိသားစုဝင်များအား တွေ့ဆုံအားပေးခြင်း၊ နေပြည်တော်ဟိုတယ်ဆိုင်ရာလုပ်ငန်းရှင်များ အသင်းနှင့် ဟိုတယ်များမှ တာဝန်ရှိသူများအားတွေ့ဆုံ — ၇
- ပြည်ထောင်စုဝန်ကြီး ဦးကျော်စိုးဝင်း အင်အားပြင်းငလျင်ဒဏ်ခံခဲ့ရသည့် ပြည်ထောင်စုနယ်မြေ နေပြည်တော်၊ဟိုတယ်ဇုန်(၂) အတွင်းရှိ ဟိုတယ်များသို့သွားရောက်ကြည့်ရှု — ၇-၈
- ပြည်ထောင်စုဝန်ကြီးဦးကျော်စိုးဝင်း အင်အားပြင်းငလျင်ဒဏ်ခံခဲ့ရသည့် ဝန်ကြီးဌာနမှ ဝန်ထမ်းအိမ်ရာများသို့ သွားရောက်တွေ့ဆုံအားပေးခြင်းနှင့် ပြည်ပမှလာရောက်သည့် ကူညီကယ်ဆယ်ရေးအဖွဲ့များအတွက် တည်းခိုနေထိုင်ရေး အဆင်ပြေမှုရှိစေရန် ပြင်ဆင်ဆောင်ရွက်ထားရှိမှု အခြေအနေများအားကြည့်ရှုစစ်ဆေး — ၈
- မြန်မာနိုင်ငံဟိုတယ်နှင့်ခရီးသွားလုပ်ငန်း စနစ်တကျဖွံ့ဖြိုး တိုးတက်ရေးအတွက် အားလုံးဝိုင်းဝန်းပူးပေါင်းဆောင်ရွက်ပေးကြစေလို — ၈-၉
- ပြည်ထောင်စုဝန်ကြီးဦးကျော်စိုးဝင်း“Mekong-Ganga Food Festival” ပွဲတော်တက်ရောက် အမှာစကားပြောကြား — ၉
- ပြည်ထောင်စုဝန်ကြီးဦးကျော်စိုးဝင်း မြန်မာနိုင်ငံဆိုင်ရာနီပေါနိုင်ငံသံအမတ်ကြီးအား လက်ခံတွေ့ဆုံ — ၁၀
- မြန်မာ-တရုတ် သံတမန်ထူထောင်ခြင်း (၇၅) နှစ်မြောက်အထိမ်းအမှတ်တရုတ်အစားအစာချက်ပြုတ်နည်းသင်တန်းဖွင့်ပွဲ ကျင်းပ — ၁၀
- တရုတ်ဘာသာစကားပြော HSK-2 သင်တန်းဆင်းပွဲကျင်းပ — ၁၀-၁၁
- ဟိုတယ်နှင့်ခရီးသွားလာရေးဝန်ကြီးဌာန မြန်မာ့ရိုးရာထမနဲထိုးပြိုင်ပွဲကျင်းပ — ၁၁
- ဒုတိယဝန်ကြီး ဦးဖြိုးဇော်စိုး ပြိုကျပျက်စီးခဲ့သည့် ဝန်ကြီးဌာနမှ ဝန်ထမ်းအိမ်ရာများတွင်ပစ္စည်းများပြန်လည် ဆယ်ယူနေမှုများကို ကွင်းဆင်းစစ်ဆေး — ၁၂
- ဒုတိယဝန်ကြီးဦးဖြိုးဇော်စိုး ပြည်တွင်း/ပြည်ပ အလှူရှင်များမှလှူဒါန်းပစ္စည်းများအား လက်ခံလွှဲပြောင်းခြင်းနှင့် လျှော်ဘေးဒဏ်သင့်ဝန်ထမ်းများနှင့် မိသားစုဝင်များ ယာယီနေထိုင်နိုင်ရေးအတွက် ပြင်ဆင်ဆောင်ရွက်ထားရှိမှု အခြေအနေများအား ကြည့်ရှုစစ်ဆေး — ၁၂
- ဒုတိယဝန်ကြီးဦးဖြိုးဇော်စိုး မွန်ပြည်နယ်အတွင်းရှိ ဟိုတယ်နှင့်ခရီးသွားလုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်ရေးကွင်းဆင်းဆောင်ရွက် — ၁၂-၁၃
- မီးဘေးအန္တရာယ် ကြိုတင်ကာကွယ်ရေး အသိပညာပေးဟောပြောပွဲနှင့် သရုပ်ပြပွဲ အခမ်းအနားကျင်းပ — ၁၃
- ညောင်ရွှေခရီးစဉ်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးကွင်းဆင်းဆောင်ရွက် — ၁၃-၁၄
- ဒုတိယဝန်ကြီးဦးဖြိုးဇော်စိုး တောင်ကြီးမြို့ရှိ ခရီးစဉ်ဒေသစီမံခန့်ခွဲရေးအဖွဲ့များနှင့်တွေ့ဆုံ — ၁၄
- တရုတ်အစားအစာချက်ပြုတ်နည်းသင်တန်းဖွင့်ပွဲအခမ်းအနားကျင်းပ — ၁၄
- ဒုတိယဝန်ကြီးဦးဖြိုးဇော်စိုး တရုတ်အစားအစာ ချက်ပြုတ်နည်းသင်တန်းဖွင့်ပွဲတက်ရောက် — ၁၄-၁၅
- ရုရှားနိုင်ငံသားခရီးသွားဧည့်သည်များအားဒုတိယဝန်ကြီးဦးဖြိုးဇော်စိုးတွေ့ဆုံနှုတ်ဆက် — ၁၅
- ဟိုတယ်နှင့်ခရီးသွားလာရေးဝန်ကြီးဌာနဥပဒေအသိပညာပြန့်ပွားရေးဆင့်ပွားသင်တန်း ဖွင့်ပွဲအခမ်းအနားကျင်းပ — ၁၅-၁၆
- ပြင်ဦးလွင်ကျေးလက်ဒေသ စက်ဘီးစီးခရီးစဉ်-၂၀၂၅ ဖွင့်ပွဲ အခမ်းအနားကျင်းပ — ၁၆
- ဒုတိယဝန်ကြီးဦးဖြိုးဇော်စိုး ပြင်ဦးလွင်ဒေသ ခရီးသွားလုပ်ငန်းဖွံ့ဖြိုးတိုးတက်ရေး ကွင်းဆင်းဆောင်ရွက် — ၁၆
- လုပ်ငန်းလိုင်စင် (၄)မျိုး ခွင့်ပြုပေးထားမှု၊ ဟိုတယ်၊ တည်းခိုရိပ်သာများ ဖွင့်လှစ်ထားမှု၊ ပြည်ပဧည့်သည်လာရောက်မှုများ — ၁၆-၁၇
- လူ့စွမ်းအားအရင်းအမြစ်ဖွံ့ဖြိုးတိုးတက်ရေးအတွက် အကောင်အထည်ဖော်ဆောင်ရွက်နေမှုများ — ၁၈
- ခရီးသွားမြှင့်တင်ရေးအတွက် ဆောင်ရွက်လျက်ရှိသောအစီအစဉ်များ — ၁၈
- နိုင်ငံတကာနှင့်ဒေသတွင်းပူးပေါင်းဆောင်ရွက်မှုအစီအစဉ်များ — ၁၈-၁၉
- ကရင်ပြည်နယ် — ၁၉
- စစ်ကိုင်းတိုင်းဒေသကြီး — ၁၉
- မကွေးတိုင်းဒေသကြီး — ၁၉-၂၀
- ပဲခူးတိုင်းဒေသကြီး — ၂၀
- မြန်မာနိုင်ငံခရီးသွားပြပွဲကျင်းပနိုင်ရေးဆွေးနွေး — ၂၀


**********

## ပြည်ထောင်စုဝန်ကြီးဦးကျော်စိုးဝင်း လျှောင်ဘေးသင့်ဝန်ထမ်းများနှင့် မိသားစုဝင်များအား ဝန်ကြီးဌာနအစီအစဉ်ဖြင့် ပြောင်းရွှေ့နေရာချထား ပေးနိုင်ရေးပြင်ဆင်ဆောင်ရွက်နေမှု အခြေအနေများအား ကြည့်ရှုစစ်ဆေး



မန္တလေးငလျင်ကြီးကြောင့် ထိခိုက်ခံစားခဲ့ရသော ဟိုတယ်နှင့်ခရီးသွားလာရေးဝန်ကြီးဌာနမှဝန်ထမ်းများနှင့် မိသားစုဝင်များအတွက် ပြည်တွင်း/ပြည်ပမှ အလှူရှင်များက ထောက်ပံ့ငွေများ နှင့် အစားအသောက်များ၊ ဆေးပစ္စည်းများနှင့် တစ်ကိုယ်ရေသုံး ပစ္စည်းများကို လာရောက်လှူဒါန်းလျက်ရှိရာ ပြည်ထောင်စုဝန်ကြီး ဦးကျော်စိုးဝင်းက လက်ခံရယူပြီး လာရောက်လှူဒါန်းကြသူများအားဂုဏ်ပြုမှတ်တမ်းလွှာများပေးအပ်ကာလှူဒါန်းပစ္စည်းများအား ငလျင်ဘေးသင့်ဝန်ထမ်းများထံသို့ လွှဲပြောင်းဖြန့်ဝေပေးလျက်ရှိပါသည်။

ဧပြီလ (၂၆)ရက်နေ့ နံနက်ပိုင်းတွင် ပြည်ထောင်စုဝန်ကြီး ဦးကျော်စိုးဝင်းသည် ဒုတိယဝန်ကြီး၊ ဦးဖြိုးဇော်စိုးနှင့်အဆင့်မြင့်အရာရှိကြီးများလိုက်ပါလျက် နေပြည်တော်၊ဇဗ္ဗူသီရိမြို့နယ်အစိုးရစက်မှုလက်မှုသင်တန်းကျောင်းအနီးတွင် ဟိုတယ်နှင့်ခရီးသွားလာရေးဝန်ကြီးဌာနမှ ငလျင်ဘေးသင့် ဝန်ထမ်းများနှင့် မိသားစုဝင်များအား ယာယီနေထိုင်နိုင်ရန် ပြင်ဆင်နေရာချထားပေးသည့် ယာယီတည်းခိုရေးစခန်းသို့သွားရောက်၍ ဝန်ထမ်းများနှင့်မိသားစုဝင်များအား ဝန်ကြီးဌာနအစီအစဉ်ဖြင့် ပြောင်းရွှေ့နေရာချထားပေးနိုင်ရေးအတွက်ပြင်ဆင်ဆောင်ရွက်နေမှုအခြေအနေများကို ကြည့်ရှုစစ်ဆေးပြီး ကျန်ဝန်ထမ်းများကိုလည်းမိုးတွင်းကာလမရောက်မီ အမိုးအကာအောက်သို့ အမြန်ဆုံးပြောင်းရွှေ့နိုင်ရေးစီစဉ်ဆောင်ရွက်ထားရှိမှုအခြေအနေများကိုရှင်းလင်းပြောကြားပါသည်။

ကြည့်ရှုစစ်ဆေးစဉ် ပြည်ထောင်စုဝန်ကြီးက ဝန်ကြီးဌာနအနေဖြင့် အပြာရောင်အဆင့်သတ်မှတ်ချက်ပါ ဝန်ထမ်းအိမ်ရာများနှင့် အဆောင်များ၏ပျက်စီးဆုံးရှုံးမှုများကို ပြန်လည်ပြင်ဆင်မွမ်းမံလျက်ရှိပြီးဝန်ထမ်းများနှင့် မိသားစုဝင်များ နေထိုင်ရာတွင် ရေ/မီးမှအစ အခြေခံလိုအပ်ချက်များ ပြည့်စုံမှုရှိစေရေးအတွက် အတတ်နိုင်ဆုံးပြင်ဆင်ဆောင်ရွက်ပေးလျက်ရှိပါကြောင်း ငလျင်ဘေးသင့်ဝန်ထမ်းများနှင့်မိသားစုဝင်များအမိုးအကာအောက်သို့ အမြန်ဆုံးရောက်ရှိစေရေးအတွက် နိုင်ငံတော်အစိုးရနှင့် ဝန်ကြီးဌာနက အင်တိုက်အားတိုက်ဆောင်ရွက်ပေးလျက်ရှိပါကြောင်း၊ ဝန်ထမ်းများအနေဖြင့် သဘာဝဘေးအန္တရာယ်၏ ရိုက်ခတ်မှုဒဏ်ကို ကြံ့ကြံ့ခံပြီးနိုင်ငံတော်နှင့်ပြည်သူလူထုအကျိုးကို သယ်ပိုးထမ်းရွက်နိုင်ရေး ကြိုးစားဆောင်ရွက် ပေးကြစေလိုပါကြောင်း၊ ယာယီတည်းခိုရေးစခန်းတွင်နေထိုင်လျက်ရှိကြသော ဝန်ကြီးဌာနမှဝန်ထမ်းများနှင့် မိသားစုဝင်များအတွက် ဝန်ကြီးဌာနအစီအစဉ်ဖြင့် ပြောင်းရွှေ့နေရာချထားပေးနိုင်ရေး စီစဉ်ဆောင်ရွက်ထားရှိပြီးဖြစ်သည့်အတွက် တာဝန်ရှိသူများအနေဖြင့် အမြန်ဆုံးပြောင်းရွှေ့နေရာချထားနိုင်ရေး ဆောင်ရွက်ကြရန်မှာကြားပါသည်။

ဆက်လက်၍ ပြည်ထောင်စုဝန်ကြီးသည် ဝန်ကြီးဌာနမှ အပြာရောင်အဆင့်သတ်မှတ်ချက်ပါ ဝန်ထမ်းအဆောင်များသို့သွားရောက်ပြီး ငလျင်ဒဏ်ကြောင့် ထိခိုက်ပျက်စီးခဲ့မှုများအား ပြန်လည်ပြင်ဆင်နေမှု အခြေအနေများကို ကြည့်ရှုစစ်ဆေးပြီး ပြင်ဆင်မွမ်းမံရာတွင် သတ်မှတ်ထားသော SOP ပါ စံသတ်မှတ်ချက်များအတိုင်းအရည်အသွေးမှန်ကန်စွာဖြင့် ပြင်ဆင်ဆောင်ရွက်ကြရန်နှင့်လုပ်ငန်းများအား ဆောလျင်စွာပြီးစီးအောင် ဆောင်ရွက်ကြရေး တာဝန်ရှိသူများအားမှာကြားခဲ့ပါသည်။

## ပြည်ထောင်စုဝန်ကြီး၊ ဦးကျော်စိုးဝင်း ဝန်ကြီးဌာနရှိဌာနအလိုက် ဝန်ထမ်းများ ရုံးလုပ်ငန်းပုံမှန်ဆောင်ရွက်နေမှု အခြေအနေများကို ကြည့်ရှုစစ်ဆေး



ဟိုတယ်နှင့်ခရီးသွားလာရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးကျော်စိုးဝင်းသည် ဧပြီလ (၂၂)ရက်နေ့ နံနက်ပိုင်းတွင် ဝန်ကြီးဌာန ရုံးအမှတ်(၃၃)၌ ဝန်ကြီးရုံးနှင့် ဟိုတယ်နှင့်ခရီးသွားညွှန်ကြားမှုဦးစီးဌာနတို့မှ ဌာနအလိုက် ဝန်ထမ်းများရုံးတက်ရောက်မှုနှင့်ရုံးလုပ်ငန်းပုံမှန်ဆောင်ရွက်နေမှုအခြေအနေများကိုကြည့်ရှုစစ်ဆေးပါသည်။

ကြည့်ရှုစစ်ဆေးရာတွင် ပြည်ထောင်စုဝန်ကြီးက မန္တလေးငလျင်ကြီးကြောင့် ဝန်ထမ်းအိမ်ရာများ ထိခိုက်ပျက်စီးမှုများရှိခဲ့ပြီး ဝန်ထမ်းများနှင့် မိသားစုဝင်များအဆင်ပြေစေရေးအတွက် အစားအသောက်နှင့်နေရာထိုင်ခင်းများကို နိုင်ငံတော်အစိုးရနှင့်ဝန်ကြီးဌာန၊ ပြည်တွင်း/ပြည်ပအလှူရှင်များက အတတ်နိုင်ဆုံးပံ့ပိုးကူညီဆောင်ရွက်ပေးလျက်ရှိပါကြောင်း၊ ဝန်ထမ်းများအနေဖြင့် မိမိတို့၏ ရုံးလုပ်ငန်းများကို အရှိန်အဟုန်မပျက် ဆက်လက်ဆောင်ရွက်ကြရန်နှင့် ရုံးတက်ရောက်ရာတွင် ဝန်ကြီးဌာနမှ သတ်မှတ်ထားသော သတ်မှတ်ဝတ်စုံကို စနစ်တကျ ဝတ်စားဆင်ယင်ပြီး တစ်ကိုယ်ရည်သန့်ရှင်းမှုလည်းဂရုပြုရမည်ဖြစ်ပါကြောင်း၊ ဝန်ထမ်းများအနေဖြင့် ငလျင်နှင့်ဘေးအန္တရာယ်ဆိုင်ရာ အသိပေးကြေညာချက်များကို လေ့လာသိရှိထားပြီး ဂရုပြုနေထိုင်တတ်ကြရန် လိုအပ်ပါကြောင်း၊ ဝန်ထမ်းများအနေဖြင့် မိမိတို့ဌာနများအလိုက် ရုံးသုံးပရိဘောဂစက်ပစ္စည်းများကို စနစ်တကျ ကိုင်တွယ်အသုံးပြုကြရန်နှင့် ထိခိုက်ပျက်စီးဆုံးရှုံးခဲ့မှုများကိုလည်း အတတ်နိုင်ဆုံး ပြုပြင်မွမ်းမံ၍ အသုံးပြုနိုင်ရေး ဆောင်ရွက်ကြရန်လိုအပ်ပါကြောင်း၊ ရုံးသုံးစာရေးကိရိယာနှင့်စာရွက်စာတမ်းများကို အလေအလွင့်မရှိစေရေးစည်းစနစ်ကျနစွာဖြင့်သုံးစွဲကြရန်နှင့်မှတ်တမ်းထားရှိကြရန်လိုအပ်ပါကြောင်း၊ နောက်ဆက်တွဲငလျင်များ ထပ်မံလှုပ်ခတ်လာပါက အရေးပေါ်ဆောင်ရွက်ရမည့် လုပ်ငန်းစဉ်များကို ဌာနအလိုက်ကြိုတင်ဇာတ်တိုက် လေ့ကျင့်ထားရှိရန်နှင့်အရေး

ပေါ်ထွက်ပေါက်များကို အဝင်/အထွက် လွယ်ကူစေရေးစီစဉ်ထားရှိကြရမည်ဖြစ်ပါကြောင်း လမ်းညွှန်မှာကြားခဲ့ပါသည်။

ထို့နောက် ဝန်ကြီးရုံးနှင့်ဟိုတယ်နှင့်ခရီးသွားညွှန်ကြားမှုဦးစီးဌာနတို့မှဌာနများအလိုက် တာဝန်ထမ်းဆောင်နေကြသော ဝန်ထမ်းများအား နေထိုင်ရေး၊ သွားလာရေးနှင့်ပတ်သက်၍ ဆောင်ရွက်ပေးစေလိုသည်များ၊ အခက်အခဲများကို မေးမြန်းပြီး ဝန်ထမ်းများ၏ တင်ပြချက်များအပေါ် ပြည်ထောင်စုဝန်ကြီး၊ ဒုတိယဝန်ကြီးနှင့် အဆင့်မြင့်အရာရှိကြီးများက ဝန်ကြီးဌာနအနေဖြင့် ဖြည့်ဆည်းဆောင်ရွက်ပေးမည့် ကိစ္စရပ်များနှင့် ဆက်လက်ပံ့ပိုးကူညီ ဆောင်ရွက်ပေးသွားမည့် ကိစ္စရပ်များကို ရှင်းလင်းပြောကြားပြီး ပြည်ထောင်စုဝန်ကြီးက လိုအပ်သည်များကို ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်ပေးခဲ့ပါသည်။

## ပြည်ထောင်စုဝန်ကြီးဦးကျော်စိုးဝင်း မန္တလေးလျှင်ကြီးဒဏ်ခံခဲ့ရသည့် ဝန်ထမ်းများနှင့်မိသားစုဝင်များ နေထိုင်နိုင်ရန် (၂) ခန်းတွဲဘာရာ အဆောက်အဦများ ဆောက်လုပ်မည့် မြေနေရာအား ကြည့်ရှုစစ်ဆေး



ဟိုတယ်နှင့်ခရီးသွားလာရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးကျော်စိုးဝင်းသည် ဒုတိယဝန်ကြီး ဦးဖြိုးဇော်စိုး၊ အမြဲတမ်းအတွင်းဝန်နှင့်အဆင့်မြင့်အရာရှိကြီးများ နှင့်အတူ ဧပြီလ (၁၉) ရက်နေ့ နံနက်ပိုင်းတွင် မန္တလေးငလျင်ကြီးဒဏ်ခံခဲ့ရသည့် ဝန်ထမ်းများနှင့် မိသားစုဝင်များ နေထိုင်နိုင်ရန်အတွက် ဝန်ကြီးဌာနရုံးအနီးတွင်(၂)ခန်းတွဲဘာရာအဆောက်အဦများဆောက်လုပ်ရန် အတွက် စီစဉ်ဆောင်ရွက်ထားသည့်မြေနေရာသို့ သွားရောက်ကာ (၂)ခန်းတွဲဘာရာအဆောက်အဦများ တည်ဆောက်ရန် နေရာချထားမှုများ၊ မြေညှိခြင်းဆောင်ရွက်ထားမှုများကို လှည့်လည်ကြည့်ရှု စစ်ဆေးခဲ့ပါသည်။

ကြည့်ရှုစစ်ဆေးစဉ် ပြည်ထောင်စုဝန်ကြီးက (၂)ခန်း တွဲဘာရာအဆောက်အဦများ တည်ဆောက်ရာတွင် ခိုင်ခံ့မှုရှိစေရေး၊ မိုးဒဏ်လေဒဏ်ခံနိုင်အောင် ဆောက်လုပ်ပေးနိုင်ရေးနှင့် ဘေးအန္တရာယ်ကင်းရှင်းရေးတို့ကို ဦးစားပေးဆောင်ရွက်ရန်လိုအပ်ပါကြောင်း၊ ဝန်ထမ်းများ ပြောင်းရွှေ့နေထိုင်သည့်အခါ သောက်ရေသုံးရေနှင့် လျှပ်စစ်မီးရရှိရေးကိုလည်းတစ်ပါတည်း စီမံဆောင်ရွက်ပေးရမည်ဖြစ်ပါကြောင်း၊ မိလ္လာအညစ်အကြေး စွန့်ပစ်မှုကိုလည်း မြေနေရာသေချာ ရွေးချယ်၍ ကျန်းမာရေးနှင့် ညီညွတ်မှုရှိအောင် စနစ်တကျဆောက်လုပ်ပေးကြရန်၊ ဆောက်လုပ်မှုများကိုဧပြီလ(၂၀)ရက်နေ့တွင် စတင်ဆောင်ရွက်ကြရန်နှင့် မေလ(၂၅)ရက်နေ့တွင် ပြီးစီးအောင်ဆောင်ရွက်ကြရန် တာဝန်ရှိသူများအားမှာကြားခဲ့ပါသည်။

ထို့နောက် ပြည်ထောင်စုဝန်ကြီးနှင့် ဒုတိယဝန်ကြီးတို့သည် ငလျင်ဒဏ်ခံခဲ့ရသည့် ဝန်ထမ်းများနှင့် ဝန်ထမ်းမိသားစုများအား ဝန်ကြီးဌာန အစီအစဉ်ဖြင့် နေရာချထားမည့် ယာယီနေထိုင်ရန်နေရာများသို့ သွားရောက်ကြည့်ရှုစစ်ဆေးကာနေထိုင်စဉ်အဆင်ပြေစေရေးအတွက်လိုအပ်သည်များကိုလမ်းညွှန်မှာကြားခဲ့ပါသည်။

## ဟိုတယ်နှင့်ခရီးသွားလာရေးဝန်ကြီးဌာနတွင် နှစ်သစ်မင်္ဂလာ အန္တရာယ်ကင်း ပရိတ်တရားတော် ရွတ်ဖတ်ပူဇော်ပွဲနှင့် သက်ကြီးပူဇော်ကန်တော့ပွဲ အခမ်းအနားကျင်းပ



မြန်မာသက္ကရာဇ် ၁၃၈၇ခုနှစ် နှစ်ဆန်း(၁) ရက်နေ့တွင် နှစ်သစ်မင်္ဂလာ အန္တရာယ်ကင်း ပရိတ်တရားများ နာယူခြင်းနှင့် မြန်မာ့ရိုးရာထုံးတမ်းအစဉ်အလာနှင့်အညီ သက်ကြီးရွယ်အိုများအား ကန်တော့ခြင်းတို့ကို ဆောင်ရွက်ကြရာ ဟိုတယ်နှင့်ခရီးသွားလာရေးဝန်ကြီးဌာနတွင် ပြည်ထောင်စုဝန်ကြီး ဦးကျော်စိုးဝင်းဦးဆောင်၍နှစ်သစ်မင်္ဂလာ အန္တရာယ်ကင်း ပရိတ်တရားတော် ရွတ်ဖတ်ပူဇော်ပွဲနှင့် ငလျင်ဘေးသင့် ဝန်ထမ်းမိသားဝင်များမှ အသက်(၆၅) နှစ်နှင့်အထက် သက်ကြီးရွယ်အိုများအား ပူဇော်ကန်တော့ပွဲတို့ကို ဧပြီလ (၁၇) ရက်နေ့ညနေပိုင်းတွင် နေပြည်တော်ရှိ ဟိုတယ်နှင့်ခရီးသွားလာရေး ဝန်ကြီးဌာန နီလာခန်းမ၌ကျင်းပပါသည်။

ရှေ့ဦးစွာ နှစ်သစ်မင်္ဂလာ အန္တရာယ်ကင်းပရိတ်တရားတော်ရွတ်ဖတ်ပူဇော်ပွဲကို ကျင်းပရာ အခမ်းအနားသို့ ပျဉ်းမနားမြို့ ကံဦးကျွန်းတောကျောင်းဆရာတော်အမှူးပြုသော သံဃာတော်များ ကြွရောက်ချီးမြှင့်တော်မူကြပြီး ဟိုတယ်နှင့်ခရီးသွားလာရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးကျော်စိုးဝင်း၊ ဒုတိယဝန်ကြီး ဦးဖြိုးဇော်စိုး၊ အမြဲတမ်းအတွင်းဝန်နှင့် အဆင့်မြင့်အရာရှိကြီးများ၊ ဝန်ထမ်းမိသားစုများ တက်ရောက်ကြည်ညိုကြပါသည်။

အခမ်းအနားတွင် ပြည်ထောင်စုဝန်ကြီးနှင့် ကြွရောက်လာသည့် ဧည့်ပရိတ်သတ်အပေါင်းတို့က ကံဦးကျွန်းတောကျောင်း ဆရာတော်ထံမှ ငါးပါးသီလခံယူဆောက်တည်ကြပါသည်။ ဆက်လက်၍ ဆရာတော်အမှူးပြုသော သံဃာတော်အရှင်မြတ်တို့က အန္တရာယ်ကင်း ပရိတ်တရားတော်နှင့် ကမ္မဝါတရားတော်တို့ကို ရွတ်ဖတ်ပူဇော်ကြပြီးနောက် ပြည်ထောင်စုဝန်ကြီးက ဆရာတော်၊ သံဃာတော်အရှင်မြတ်များအား လှူဖွယ်ဝတ္ထုများ ဆက်ကပ်လှူဒါန်းကြကာ လှူဒါန်းမှုအစုစုတို့အတွက် အနုမောဒနာ တရားနာကြား၍ ရေစက်သွန်းချအမျှပေးဝေခဲ့ကြပြီး ဆရာတော်၊ သံဃာတော် အရှင်သူမြတ်များအား အချိုရည်များ ဆက်ကပ်လှူဒါန်းခဲ့ကြပါသည်။

ထို့အတူ နေပြည်တော် ဇဗ္ဗူသီရိမြို့နယ်၊ သုခသီရိရပ်ကွက်ရှိ ဟိုတယ်နှင့်ခရီးသွားလာရေးဝန်ကြီးဌာနမှ ငလျင်ဘေးသင့် ဝန်ထမ်းများနေထိုင်သည့်ယာယီတဲများတွင်လည်း အန္တရာယ်ကင်းပရိတ်တရားတော် ရွတ်ဖတ်ပူဇော်ခြင်းများကို ဆောင်ရွက်ခဲ့ကြပါသည်။

ထို့နောက် ငလျင်ဘေးသင့် ဝန်ထမ်းမိသားဝင်များမှ အသက်(၆၅)နှစ်နှင့်အထက်သက်ကြီးရွယ်အိုများအား ပူဇော်ကန်တော့ပွဲကို ဆက်လက်ကျင်းပရာ ပြည်ထောင်စုဝန်ကြီး၊ ဒုတိယဝန်ကြီးနှင့် တက်ရောက်လာကြသူများက သက်ကြီးရွယ်အိုများအား မင်္ဂလာတရားတော်နှင့်အညီ ပူဇော်ကန်တော့ကြကာ သက်ကြီးရွယ်အိုများအား ထောက်ပံ့ငွေများကို ပေးအပ်လှူဒါန်းခဲ့ကြပြီး

သက်ကြီးရွယ်အိုများကိုယ်စား အဖိုးတစ်ဦးက ကျေးဇူးတင်ဆုတောင်းစကားပြောကြားခဲ့ပါသည်။

## ပြည်ထောင်စုဝန်ကြီး ဦးကျော်စိုးဝင်း မန္တလေးမြို့အတွင်း မန္တလေးလျှင်ကြီးကြောင့် ပြိုကျပျက်စီးခဲ့သည့် ဟိုတယ်များအား လှည့်လည်ကြည့်ရှုစစ်ဆေး၍ ဟိုတယ်နှင့်တည်းခိုရိပ်သာ လုပ်ငန်းရှင်များအား တွေ့ဆုံဆွေးနွေး



ဟိုတယ်နှင့်ခရီးသွားလာရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးကျော်စိုးဝင်းနှင့် မန္တလေးတိုင်းဒေသကြီးအစိုးရအဖွဲ့ စီးပွားရေးရာဝန်ကြီးဦးသိန်းဌွေး တို့သည် ဧပြီလ (၁၀) ရက် နံနက်ပိုင်းတွင် မန္တလေးမြို့အတွင်း မန္တလေးလျှင်ကြီးကြောင့် ပြိုကျပျက်စီးခဲ့ရသည့်ဟိုတယ်များသို့ သွားရောက်၍ ဟိုတယ်အဆောက်အဦများအတွင်းအပြင် ပြိုကျပျက်စီးနေမှုအခြေအနေများ၊ ပျက်စီးမှုများကိုရှင်းလင်းဖယ်ရှားနေမှုများနှင့် ပြန်လည်ပြင်ဆင်ဆောင်ရွက်ရန် စီစဉ်ဆောင်ရွက်နေမှုအခြေအနေများကိုလှည့်လည်ကြည့်ရှုစစ်ဆေးခဲ့ပြီး ဟိုတယ်များမှ တာဝန်ရှိသူများအား တွေ့ဆုံအားပေးကာ ပြိုကျပျက်စီးသွားသည့် အဆောက်အဦများကို လမ်းများပိတ်စို့မှု မရှိအောင် အမြန်ရှင်းလင်း ဖယ်ရှားကြရန်၊ အပျက်အစီးများကိုဖယ်ရှားခြင်း၊ အဆောက်အဦများကိုပြုပြင် မွမ်းမံခြင်းလုပ်ငန်းများဆောင်ရွက်ရာတွင် ဘေးအန္တရာယ်ကင်းရှင်းရေးကို ဦးစားပေးဆောင်ရွက်ကြရန်မှာကြားခဲ့ပါသည်။

မွန်းလွဲပိုင်းတွင် ပြည်ထောင်စုဝန်ကြီးဦးကျော်စိုးဝင်းနှင့် မန္တလေးတိုင်းဒေသကြီးအစိုးရအဖွဲ့၊ စီးပွားရေးရာဝန်ကြီး ဦးသိန်းဌွေးတို့သည် မန္တလေးမြို့တော် စည်ပင်သာယာရေးကော်မတီမှ တာဝန်ရှိသူများ၊ မန္တလေးမြို့ရှိ ဟိုတယ်နှင့်ခရီးသွားဆိုင်ရာ အသင်းအဖွဲ့များမှ တာဝန်ရှိသူများနှင့် လုပ်ငန်းရှင်များ၊ ဟိုတယ်နှင့်တည်းခိုရိပ်သာများမှ တာဝန်ရှိသူများအား Hotel Hazel ၌ တွေ့ဆုံပါသည်။

တွေ့ဆုံရာတွင် ပြည်ထောင်စုဝန်ကြီးက ဟိုတယ်လုပ်ငန်းရှင်များအနေဖြင့် မိမိတို့ ဟိုတယ်အဆောက်အဦများ၏ ထိခိုက်ပျက်စီးမှုအပေါ် မူတည်၍ သက်ဆိုင်ရာပညာရှင်များ၏ စစ်ဆေးချက်များရယူကာ ၎င်းတို့၏တွေ့ရှိချက်များအတိုင်း လုပ်ငန်းစဉ်လိုက်ပြုပြင်မွမ်းမံ၍ အမြန်ဆုံး ပြန်လည်ဖွင့်လှစ်နိုင်ရေးနှင့် ပြိုကျပျက်စီးသွားသော ဟိုတယ်အဆောက်အဦများကိုလည်း အမြန်ဆုံးရှင်းလင်းနိုင်ရေး ဆောင်ရွက်ကြစေလိုပါကြောင်း၊ ပျက်စီးဆုံးရှုံးမှုများကို စနစ်တကျစာရင်း ပြုစု၍ တင်ပြပေးစေလိုပါကြောင်း၊ ထိခိုက်ပျက်စီးသွားသော အဆောက်အဦများအတွင်းသို့ မလိုအပ်ဘဲဝင်ရောက်ခြင်း မပြုကြရန်နှင့် ဘေးအန္တရာယ်ကင်းစွာ နေထိုင်ကြရန်လိုအပ်ပါကြောင်း၊ အန္တရာယ်ရှိသော အဆောက်အဦများအတွင်းသို့ ဝင်ရောက်ရာတွင်အန္တရာယ်မဖြစ်အောင် အကာအကွယ်များဝတ်ဆင်၍ သတိထားဆောင်ရွက်သွားကြရန်နှင့် လျှင်အန္တရာယ်ဆိုင်ရာသတိပြုရန် ထုတ်ပြန်ချက်များအား သိရှိလိုက်နာဆောင်ရွက်ကြရမည်ဖြစ်ပါကြောင်း၊ နောက်ဆက်တွဲလျှင်လှုပ်ခတ်မှုများ ဖြစ်ပေါ်လာနိုင်သည့်အတွက် သတိရှိစွာနေထိုင်ကြရန်လိုအပ်ပါကြောင်း၊ အာမခံထားရှိသော လုပ်ငန်းရှင်များအနေဖြင့် အာမခံကြေးများ အမြန်ရရှိအောင်ကူညီဆောင်ရွက်ပေးမည်ဖြစ်ပါကြောင်း၊ မန္တလေးလျှင်ကြီးဒဏ်ကြောင့် ထိခိုက်ခံစားခဲ့ရမှုများမှ ပြန်လည်ထူထောင်နိုင်ရေးအတွက် ဟိုတယ်နှင့်ခရီးသွားဆိုင်ရာအသင်းအဖွဲ့များ၊ ဟိုတယ်နှင့်တည်းခိုရိပ်သာ လုပ်ငန်းလုပ်ကိုင်သူများအားလုံးဝိုင်းဝန်းပူးပေါင်း ဆောင်ရွက်ပေးကြစေလိုပါကြောင်း တိုက်တွန်းပြောကြားပါသည်။

ထို့နောက် တက်ရောက်လာကြသူများက ဟိုတယ်နှင့်တည်းခိုရိပ်သာများမှ ထိခိုက်ပျက်စီးဆုံးရှုံးခဲ့ရမှုအခြေအနေများ၊ ဟိုတယ်များ ပြန်လည်ဖွင့်လှစ်နိုင်ရေးအတွက်ပြင်ဆင်ဆောင်ရွက်နေမှုအခြေအနေများ၊ လုပ်ငန်းများလည်ပတ်နိုင်ရေးအတွက် တွေ့ကြုံနေရသည့်အခက်အခဲများကို အသီးသီးတင်ပြကြရာ စီးပွားရေးရာဝန်ကြီးဦးသိန်းဌွေးက မန္တလေးတိုင်းဒေသကြီးအစိုးရအဖွဲ့ အနေဖြင့် ပူးပေါင်းပံ့ပိုးဆောင်ရွက်ပေးမည့်ကိစ္စရပ်များနှင့်စပ်လျဉ်း၍ ရှင်းလင်းဆွေးနွေးခဲ့ပြီးနောက် ပြည်ထောင်စုဝန်ကြီးဦးကျော်စိုးဝင်းက လိုအပ်သည်များကိုဖြည့်စွက်ဆွေးနွေးကာ ပေါင်းစပ်ဖြည့်ဆည်းဆောင်ရွက်ပေးခဲ့ပါသည်။

ထို့အတူ မန္တလေးလျှင်ကြီးကြောင့် ထိခိုက်ခံစားခဲ့ရသော ဝန်ကြီးဌာနမှ ဝန်ထမ်းများနှင့် မိသားစုဝင်များအတွက် မြန်မာနိုင်ငံဟိုတယ်ဆိုင်ရာလုပ်ငန်းရှင်များအသင်း (ဗဟို)၊ ရန်ကုန်ဇုန်၊ တာချီလိတ်ဇုန်နှင့် ပြည်တွင်း/ပြည်ပမှ အလှူရှင်များက လှူဒါန်းသော ထောက်ပံ့ငွေများနှင့် အစားအသောက်များ၊ တစ်ကိုယ်ရည်သုံးပစ္စည်းများကို ဒုတိယဝန်ကြီး ဦးဖြိုးဇော်စိုးက လက်ခံရယူပြီး လျှင်ဘေးဒဏ်သင့် ဝန်ထမ်းများထံသို့ လွှဲပြောင်းဖြန့်ဝေပေးလျက်ရှိပါသည်။

## ပြည်ထောင်စုဝန်ကြီး ဦးကျော်စိုးဝင်း လျှင်ဘေးဒဏ်သင့် ဝန်ထမ်းများအတွက် ပြည်တွင်း/ပြည်ပ အလှူရှင်များက လှူဒါန်းပစ္စည်းများအား လက်ခံလွှဲပြောင်းပေးခြင်းနှင့် မန္တလေးမြို့ရှိ ဝန်ကြီးဌာနမှရုံးအဆောက်အဦနှင့်ဝန်ထမ်းအိမ်ရာများသို့ သွားရောက်ကြည့်ရှုစစ်ဆေးပြီး ဝန်ထမ်းများအား တွေ့ဆုံအားပေး



ဟိုတယ်နှင့်ခရီးသွားလာရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီးဦးကျော်စိုးဝင်းသည် ဧပြီလ(၉)ရက်နေ့ ညနေပိုင်းတွင် ဟိုတယ်နှင့်ခရီးသွားလာရေးဝန်ကြီးဌာန၌ ဇရာဝတီဖောင်ဒေးရှင်းနှင့် ပြည်တွင်း/ပြည်ပမှ အလှူရှင်များက လျှင်ဘေးဒဏ်သင့် ဝန်ထမ်းများနှင့်မိသားစုများအတွက် လာရောက်လှူဒါန်းသော ထောက်ပံ့ငွေများနှင့် အစားအသောက်များ၊ တစ်ကိုယ်ရေသုံးပစ္စည်းများကို လက်ခံရယူပြီး လျှင်ဘေးဒဏ်သင့် ဝန်ထမ်းများထံသို့ လွှဲပြောင်းဖြန့်ဝေပေးပါသည်။

ထို့နောက် ဒုတိယဝန်ကြီး ဦးဖြိုးဇော်စိုးသည် နေပြည်တော်၊ ဟိုတယ်နှင့်ခရီးသွားလာရေးဝန်ကြီးဌာန ရုံးအဆောက်အဦ ပတ်ဝန်းကျင်အနီးတွင် လျှင်ဘေးဒဏ်သင့်ဝန်ထမ်းများနှင့် မိသားစုဝင်များ ယာယီနေထိုင်နိုင်ရန် မြေနေရာ

နှင့် ယာယီအဆောက်အဦ ဆောက်လုပ်နိုင်ရေးအတွက် ပြင်ဆင်ဆောင်ရွက်နေမှုအခြေအနေများအားကြည့်ရှုစစ်ဆေးပြီး ပြောင်းရွှေ့နေရာချထားပေးရန် ကျန်ရှိနေသေးသော ဝန်ထမ်းများနှင့်မိသားစုဝင်များအား အမြန်ဆုံးပြောင်းရွှေ့နေရာချထားနိုင်ရေးအတွက် လုပ်ငန်းများအားစနစ်တကျလျင်မြန်စွာ ဆောင်ရွက်ကြရေး တာဝန်ရှိသူများအား မှာကြားခဲ့ပါသည်။

မွန်းလွဲပိုင်းတွင် ပြည်ထောင်စုဝန်ကြီး ဦးကျော်စိုးဝင်းသည် မန္တလေးမြို့သို့ သွားရောက်ပြီး ဟိုတယ်နှင့်ခရီးသွားညွှန်ကြားမှုဦးစီးဌာန၊ မန္တလေးတိုင်းဒေသကြီးရုံးတွင် တာဝန်ထမ်းဆောင်နေကြသည့် အရာထမ်း/အမှုထမ်းများအား မန္တလေးစွမ်းဟိုတယ်၌ တွေ့ဆုံပါသည်။

တွေ့ဆုံရာတွင် ပြည်ထောင်စုဝန်ကြီးက မန္တလေးငလျင်ကြီးကြောင့် ထိခိုက်ခံစားခဲ့ရသည့် ဝန်ထမ်းများအား အားပေးစကားပြောကြားကာ ဝန်ထမ်းများအနေဖြင့် အစိုးရ-ပုဂ္ဂလိက ပူးပေါင်းဆောင်ရွက်ရေးကို အားပေးမြှင့်တင်ပြီး ကောင်းမွန်သော ဝန်ဆောင်မှုများပေးနိုင်အောင် ကြိုးစားကြရမည်ဖြစ်ပါကြောင်း၊ ရုံးလုပ်ငန်းများကို အကောင်အထည်ဖော်ဆောင်ရွက်ရာတွင် နိုင်ငံ့ဝန်ထမ်းဥပဒေ၊ နည်းဥပဒေများ၊ အမိန့်၊ ညွှန်ကြားချက်များ၊ စည်းမျဉ်း/ စည်းကမ်းများကိုစနစ်တကျလိုက်နာဆောင်ရွက်ကြရန်လိုအပ်ပါကြောင်း၊ ခေတ်နှင့်အညီ တိုးတက်လာသည့် နည်းပညာများကိုစဉ်ဆက်မပြတ် လေ့လာသင်ယူ၍ဝန်ကြီးဌာနအကျိုး၊နိုင်ငံ့အကျိုးကို သယ်ပိုးထမ်းရွက်နိုင်သော ဝန်ထမ်းကောင်းများဖြစ်အောင် ကြိုးစားကြရန်မှာကြားပါသည်။

ထို့နောက် ပြည်ထောင်စုဝန်ကြီးသည် မန္တလေးတိုင်းဒေသကြီး စီးပွားရေးရာဝန်ကြီး ဦးသိန်းငွေးနှင့်အတူ မန္တလေးငလျင်ကြီးကြောင့် ထိခိုက်ခံစားခဲ့ရသည့်ဝန်ထမ်းများအတွက် ယာယီနေရာချထားပေးနိုင်ရန် ပြင်ဆင်ဆောင်ရွက်ထားရှိမှု အခြေအနေများကို လှည့်လည်ကြည့်ရှုစစ်ဆေးကာ ဝန်ထမ်းများနှင့် မိသားစုဝင်များအနေဖြင့် စည်းကမ်းစနစ်တကျဖြင့် နေထိုင်ကြရေး၊ ကျန်းမာရေးနှင့် အသိသတိဖြင့်နေထိုင်ကြရေး၊ တာဝန်ရှိသူများအနေဖြင့် နိုင်ငံပိုင်ပစ္စည်းများအား လေလွင့်ဆုံးရှုံးမှုမဖြစ်စေရေးအတွက် စာရင်းဇယားများဖြင့် စနစ်တကျ ထိန်းသိမ်းထားရှိရန်မှာကြားခဲ့ပါသည်။

ဆက်လက်၍ ပြည်ထောင်စုဝန်ကြီးသည် မန္တလေးမြို့ ၂၈လမ်းပေါ်ရှိ ဟိုတယ်နှင့်ခရီးသွားညွှန်ကြားမှုဦးစီးဌာန၊ မန္တလေးတိုင်းဒေသကြီးရုံး အဆောက်အဦနှင့် ၇၁လမ်းရှိ ဝန်ကြီးဌာနမှ ဝန်ထမ်းအိမ်ရာသို့ သွားရောက်ကာ မန္တလေးငလျင်ကြီးကြောင့် ထိခိုက်ပျက်စီးမှု အခြေအနေများကို ကြည့်ရှုစစ်ဆေးကာ ရုံးအဆောက်အဦ၏ ကြံ့ခိုင်မှု၊ သန့်ရှင်းသပ်ရပ်မှုနှင့် အမြင်တင့်တယ်မှုရှိအောင် စနစ်တကျထိန်းသိမ်း ဆောင်ရွက်ကြရန် တာဝန်ရှိသူများအား မှာကြားခဲ့ပါသည်။

ထို့နောက် ပြည်ထောင်စုဝန်ကြီးသည် မန္တလေးငလျင်ကြီးကြောင့် ထိခိုက်ပျက်စီးခဲ့သည့် Aung Myint Mo Hotel သို့သွားရောက်ကာ ငလျင်ကြောင့် ထိခိုက်ပျက်စီးမှုအခြေအနေများကို ကြည့်ရှုပြီး ဟိုတယ်မှ တာဝန်ရှိသူများနှင့် တွေ့ဆုံအားပေးခဲ့ပါသည်။

**ပြည်ထောင်စုဝန်ကြီး ဦးကျော်စိုးဝင်း အင်အားပြင်းငလျင်ဒဏ်ကြောင့် ထိခိုက် ခံစားခဲ့ရသော ဝန်ထမ်းနှင့်မိသားစုဝင်များ ယာယီနေထိုင်ရာနေရာများသို့ ပြောင်းရွှေ့နေထိုင်နေမှု အခြေအနေများအား ကြည့်ရှုစစ်ဆေး**

ဟိုတယ်နှင့်ခရီးသွားလာရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးကျော်စိုးဝင်းသည်ဧပြီလ (၇)ရက်နေ့ နံနက်ပိုင်းတွင် ဟိုတယ်နှင့်ခရီးသွားလာရေးဝန်ကြီးဌာန၌ ဝန်ကြီးဌာနမှ အငြိမ်းစားဝန်ထမ်းများနှင့် ပြည်တွင်း/ပြည်ပမှ အလှူရှင်များက ဝန်ထမ်းနှင့်မိသားစုများအတွက် လာရောက်လှူဒါန်းသော ထောက်ပံ့ငွေများနှင့်အစားအသောက်များကို လက်ခံရယူပြီး ငလျင်ဘေးဒဏ်သင့်ဝန်ထမ်းများထံသို့ လွှဲပြောင်းဖြန့်ဝေပေးပါသည်။



ထို့နောက် ပြည်ထောင်စုဝန်ကြီးသည် ဒုတိယဝန်ကြီး ဦးဖြိုးဇော်စိုးနှင့် အရာရှိကြီးများ လိုက်ပါလျက် ဟိုတယ်နှင့်ခရီးသွားလာရေးဝန်ကြီးဌာနမှ ဝန်ထမ်းနှင့်မိသားစုဝင်များကို ယာယီ နေရာချထားပေးသည့် နေရာများသို့ သွားရောက်ပြီး ဝန်ထမ်းများနှင့်မိသားစုဝင်များ ပြောင်းရွှေ့နေထိုင်နေမှု အခြေအနေများကို ကြည့်ရှုစစ်ဆေးကာ ဝန်ထမ်းမိသားစုဝင်များအနေဖြင့် မိမိတို့အား သတ်မှတ်နေရာချထားပေးသည့် နေရာများတွင် စနစ်တကျ သန့်ရှင်းသပ်ရပ်စွာ နေထိုင်ကြရေး၊ အညစ်အကြေးများအား စနစ်တကျ စွန့်ပစ်ကြရေး၊ လူအများနှင့်နေထိုင်ရသည့်အတွက် ကူးစက်ရောဂါများ မဖြစ်ပွားစေရေးတို့အတွက် ကျန်းမာရေးနှင့်ညီညွတ်စွာ နေထိုင်ကြရေး၊ တာဝန်ရှိသူများအနေဖြင့် အခြေခံလိုအပ်ချက်များကို အတတ်နိုင်ဆုံးဖြည့်ဆည်းဆောင်ရွက်ပေးကြရေး လမ်းညွှန်မှာကြားခဲ့ပါသည်။

ထို့နောက် ပြည်ထောင်စုဝန်ကြီး ဦးကျော်စိုးဝင်းနှင့် ဒုတိယဝန်ကြီးတို့သည် ဝန်ကြီးဌာနအစီအစဉ်ဖြင့် ပြောင်းရွှေ့နေရာချထားပေးရန် ကျန်ရှိနေသေးသော ငလျင်ဘေးဒဏ်သင့်ဝန်ထမ်းများနှင့် ဝန်ထမ်းမိသားစုများအားပြောင်းရွှေ့နေရာချထားပေးနိုင်ရေးအတွက် စီစဉ်ထားရှိသည့် နေရာများသို့ လိုက်လံကြည့်ရှုပြီး အမြန်ဆုံးပြောင်းရွှေ့နေရာချထားပေးနိုင်ရေးနှင့် အခြေခံလိုအပ်ချက်များအား ဆောလျင်စွာ ဖြည့်ဆည်းဆောင်ရွက်ပေးရေးအတွက် တာဝန်ရှိသူများအား တွေ့ဆုံ၍ လမ်းညွှန်မှာကြားခဲ့ပါသည်။

**ပြည်ထောင်စုဝန်ကြီး ဦးကျော်စိုးဝင်း ပြည်တွင်း/ပြည်ပ ကူညီကယ်ဆယ်ရေးအဖွဲ့များအား ကျေးဇူးတင်ဂုဏ်ပြုလွှာပေးအပ်ခြင်းနှင့် လှူဒါန်းပစ္စည်းများအား ဝန်ထမ်းမိသားစုများထံသို့ လွှဲပြောင်းပေးအပ်**

ဟိုတယ်နှင့်ခရီးသွားလာရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးကျော်စိုးဝင်း၊ ဒုတိယဝန်ကြီး ဦးဖြိုးဇော်စိုးတို့သည် ဧပြီလ (၄) ရက်နေ့တွင် ဟိုတယ်နှင့်ခရီးသွားလာရေးဝန်ကြီးဌာန၌ မြန်မာ-တရုတ်ပူးပေါင်းဆက်ဆံရေးဇဟိုအသင်း၊ HAGLMyanmarCo.,Ltd နှင့်ပြည်တွင်း/ပြည်ပ အလှူရှင်များမှလာရောက်လှူဒါန်းသည့် မီးစက်၊ရေသန့်စက်၊ အစားအသောက် နှင့် တစ်ကိုယ်ရေသုံး

ပစ္စည်းများကို လက်ခံရယူပြီး ကျေးဇူးတင်ဂုဏ်ပြုလွှာများပေးအပ်ကာ ငလျင်ဘေးဒဏ်သင့်ဝန်ထမ်းများနှင့် ဝန်ထမ်းမိသားစုများထံသို့ ဖြန့်ဝေလှူ ပြောင်းပေးအပ်ပါသည်။



ပြည်ထောင်စုဝန်ကြီးသည် မွန်းလွဲပိုင်းတွင် ပြည်ထောင်စုနယ်မြေ နေပြည်တော်အတွင်းရှိ ငလျင်ဘေးကြောင့်ပြိုကျပျက်စီးသော အေးချမ်းသာဟိုတယ်သို့သွားရောက်ပြီး တူကီယဲနိုင်ငံ GEA Search and Rescue မှ ကူညီကယ်ဆယ်ရေးအဖွဲ့အားတွေ့ဆုံ၍ ယခုကဲ့သို့လူသားချင်းစာနာ ထောက်ထားကူညီပေးခဲ့ကြသည့်အတွက် မြန်မာနိုင်ငံသားများနှင့်ဝန်ကြီးဌာန ကိုယ်စား ကျေးဇူးတင်ရှိပါကြောင်းနှင့် အသိအမှတ်ပြု ဂုဏ်ပြုပါကြောင်း ပြောကြားကာရင်းရင်းနှီးနှီးတွေ့ဆုံနှုတ်ဆက်ပြီး ကျေးဇူးတင်ဂုဏ်ပြုလွှာပေးအပ်ပါသည်။

ထို့နောက် ဒုတိယဝန်ကြီး ဦးဖြိုးဇော်စိုးက ဝန်ထမ်းများယာယီထားရှိရာ စုရပ်များသို့သွားရောက်ကာပြည်တွင်းပြည်ပအလှူရှင်များကပေးအပ်လှူဒါန်းသည့် အစားအသောက်နှင့်ထောက်ပံ့ရေးပစ္စည်းများအား ဝန်ထမ်းများနှင့် မိသားစုဝင်များထံသို့ လွှဲပြောင်းပေးအပ်ပြီး ဝန်ထမ်းများ ယာယီတည်းခိုနေထိုင်နိုင်ရန်စီစဉ်ဆောင်ရွက်နိုင်ရေးအတွက်လှည့်လည်ကြည့်ရှုကာဝန်ထမ်းများအား တွေ့ဆုံအားပေးခဲ့ပါသည်။

**ပြည်ထောင်စုဝန်ကြီး ဦးကျော်စိုးဝင်း အင်အားပြင်းငလျင်ဒဏ်ကြောင့် ထိခိုက်ဒဏ်ရာ ရရှိခံစားခဲ့ရသော ဝန်ထမ်းနှင့်မိသားစုဝင်များအား တွေ့ဆုံအားပေးခြင်း၊ နေပြည်တော်ဟိုတယ်ဆိုင်ရာလုပ်ငန်းရှင်များ အသင်းနှင့်ဟိုတယ်များမှ တာဝန်ရှိသူများအားတွေ့ဆုံ**



ဟိုတယ်နှင့်ခရီးသွားလာရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးကျော်စိုးဝင်း၊ ဒုတိယဝန်ကြီး ဦးဖြိုးဇော်စိုးတို့သည် အမြဲတမ်းအတွင်းဝန်၊ ညွှန်ကြားရေးမှူးချုပ်နှင့်အဆင့်မြင့်အရာရှိကြီးများ လိုက်ပါလျက် ဧပြီလ (၃)ရက်နေ့ မွန်းလွဲပိုင်းတွင်အင်အားပြင်းငလျင်ဒဏ်ကြောင့် ထိခိုက်ဒဏ်ရာရရှိခံစားခဲ့ရသော ဝန်ကြီးဌာနမှ ဝန်ထမ်းများနှင့် မိသားစုဝင်များအားတွေ့ဆုံပြီး အစားအသောက်၊ ခြင်ထောင်နှင့် ထောက်ပံ့ငွေများကို ပေးအပ်ကာ ပြိုကျပျက်စီးနေသည့် အဆောက်အဦများအတွင်းသို့ ထပ်မံဝင်ရောက်ခြင်းမပြုကြရန်၊ ဝမ်းရောဂါနှင့်ကူးစက်ရောဂါများ မဖြစ်ပွားစေရေးအတွက် ကျန်းမာရေးအသိသတိဖြင့် နေထိုင်ကြရေးမှာကြားပါသည်။

ဆက်လက်၍ ပြည်ထောင်စုဝန်ကြီးသည် ရွှေနန်းတော်ဟိုတယ်၌ နေပြည်တော်ဟိုတယ်ဆိုင်ရာလုပ်ငန်းရှင်များအသင်းမှတာဝန်ရှိသူများနှင့်ပြည်ထောင်စုနယ်မြေ နေပြည်တော်အတွင်းရှိ ဟိုတယ်/ တည်းခိုရိပ်သာ များမှ တာဝန်ရှိသူများအား တွေ့ဆုံပါသည်။

တွေ့ဆုံရာတွင် ပြည်ထောင်စုဝန်ကြီးက ပြည်တွင်း/ပြည်ပမှ ကူညီကယ်ဆယ်ရေးအဖွဲ့များ၏ တည်းခိုနေထိုင်ရေးအဆင်ပြေစေရန် ကူညီဆောင်ရွက်ပေးကြသည့်အတွက် ကျေးဇူးတင်ရှိပါကြောင်း၊ နိုင်ငံတော်အစိုးရအနေဖြင့် ပြည်တွင်း/ပြည်ပမှ ကူညီကယ်ဆယ်ရေး အဖွဲ့များလာရောက် ကူညီနိုင်ရေး ဖိတ်ခေါ်ကမ်းလှမ်းထားရှိပါကြောင်း၊ ပြည်ပနိုင်ငံများမှ ကူညီကယ်ဆယ်ရေးအဖွဲ့များအနေဖြင့် အင်အင်းပြင်းငလျင်ဒဏ်ခံစားခဲ့ရသည့် ဒေသများသို့ သွားရောက်၍ ကူညီကယ်ဆယ်ရေးလုပ်ငန်းများကို ဆောင်ရွက်လျက်ရှိပါကြောင်း၊ ထိခိုက်ပျက်စီးသွားသော အဆောက်အဦများအတွင်းသို့ ခွင့်ပြုချက်မရရှိပဲဝင်ရောက်ခြင်းမပြုကြရန်နှင့် ဘေးအန္တရာယ်ကင်းစွာနေထိုင်ကြရန်၊ ငလျင်အန္တရာယ်ဆိုင်ရာ သတိပြုရန်ထုတ်ပြန်ချက်များအား သိရှိလိုက်နာ ဆောင်ရွက်ကြရမည်ဖြစ်ပါကြောင်း၊ နောက်ဆက်တွဲငလျင်လှုပ်ခတ်မှုများဖြစ် ပေါ်လာနိုင်သည့်အတွက် သတိရှိစွာနေထိုင်ကြရန်နှင့် ခွင့်ပြုချက်မရရှိသေးပဲ အထပ်မြင့်ဟိုတယ်များက ဧည့်သည်များကို ဝန်ဆောင်မှုပေးခြင်းမျိုး ဂရုပြုရှောင်ကြဉ်ကြရန်လိုအပ်ပါကြောင်း၊ အင်းအားပြင်းငလျင်ဒဏ်ကြောင့် ထိခိုက်ခံစားခဲ့ရမှုများမှ ပြန်လည်ထူထောင်နိုင်ရေးအတွက် ဟိုတယ်နှင့်ခရီးသွားဆိုင်ရာအသင်းအဖွဲ့များ၊ ဟိုတယ်/တည်းခိုရိပ်သာ လုပ်ငန်းလုပ်ကိုင်သူများ အားလုံးဝိုင်းဝန်းပူးပေါင်း ဆောင်ရွက်ပေးကြစေလိုပါကြောင်း တိုက်တွန်းပြောကြားပါသည်။

ထို့နောက် တက်ရောက်လာကြသူများက ဟိုတယ်/တည်းခိုရိပ်သာများမှ ထိခိုက်ပျက်စီး ဆုံးရှုံးခဲ့ရမှုအခြေအနေများ၊ ဟိုတယ်များ ပြန်လည်ဖွင့်လှစ်နိုင်ရေးအတွက် ပြင်ဆင်ဆောင်ရွက်နေမှု အခြေအနေများ၊ လုပ်ငန်းများလည်ပတ်နိုင်ရေးအတွက် တွေ့ကြုံနေရသည့်အခက်အခဲများကို အသီးသီးတင်ပြကြပြီး ပြည်ထောင်စုဝန်ကြီးက လိုအပ်သည်များကို ပေါင်းစပ်ဖြည့်ဆည်းဆောင်ရွက်ပေးခဲ့ပါသည်။

**ပြည်ထောင်စုဝန်ကြီး ဦးကျော်စိုးဝင်း အင်အားပြင်းငလျင်ဒဏ်ခံခဲ့ရသည့် ပြည်ထောင်စုနယ်မြေ နေပြည်တော်၊ ဟိုတယ်ဇုန် (၂) အတွင်းရှိဟိုတယ်များ သို့သွားရောက်ကြည့်ရှု**



ဟိုတယ်နှင့်ခရီးသွားလာရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးကျော်စိုးဝင်း သည်ဧပြီလ (၂)ရက်နေ့နံနက်ပိုင်းတွင် ဒုတိယဝန်ကြီး၊ အမြဲတမ်းအတွင်းဝန်နှင့်အရာရှိကြီးများ လိုက်ပါလျက် အင်အားပြင်းငလျင်ဒဏ်ကြောင့် ပြိုကျပျက်ဆီးခဲ့ရသည့် ပြည်ထောင်စုနယ်မြေ၊ နေပြည်တော်ဟိုတယ်ဇုန်(၂) အတွင်းရှိဟိုတယ်များသို့ သွားရောက်ကြည့်ရှုပြီး ဟိုတယ်အဆောက်အဦများ၏ အတွင်း/အပြင် ပြိုကျပျက်ဆီးနေမှုအခြေအနေများ၊ မြန်မာနိုင်ငံမီးသတ်တပ်ဖွဲ့နှင့်ပရဟိတအဖွဲ့များ၊ ပြည်ပမှရောက်ရှိနေသည့် ကူညီကယ်ဆယ်ရေးအဖွဲ့များမှ ကယ်ဆယ်ရေးလုပ်ငန်းများ ဆောင်ရွက်နေမှုအခြေအနေများကို ကြည့်ရှုပြီး ကယ်ဆယ်ရေးဆောင်ရွက်နေသည့် ပြည်တွင်း/ပြည်ပမှ ကယ်ဆယ်ရေးဝန်ထမ်းများ၊ ဟိုတယ်များမှ တာဝန်ရှိသူများအား တွေ့ဆုံ၍ လုပ်ငန်းများဆောင်ရွက်ရာတွင် ဘေးအန္တရာယ်ကင်းစွာဆောင်ရွက်ကြရေး၊ အန္တရာယ်ရှိအဆောက်အဦများအတွင်းသို့ ဝင်ရောက်ကြရာတွင် သတိထားဆောင်ရွက်ကြရေးအတွက်မှာကြားပြီး ရင်းရင်းနှီးနှီးတွေ့ဆုံအားပေးပါသည်။

ဆက်လက်၍ ပြည်ထောင်စုဝန်ကြီးသည် ဟိုတယ်နှင့်ခရီးသွားလာရေးဝန်ကြီးဌာနရုံး အဆောက်အဦတွင် ဒုတိယဝန်ကြီး၊ အမြဲတမ်းအတွင်းဝန်၊ ညွှန်ကြားရေးမှူးချုပ်နှင့် အဆင့်မြင့်အရာရှိကြီးများဖြင့် လုပ်ငန်းညှိနှိုင်း အစည်းအဝေးပြုလုပ်ပြီး ဌာနခွဲများအလိုက်ရုံးလုပ်ငန်းများ ပုံမှန်လည်ပတ်ဆောင်ရွက်နေမှုအခြေအနေများကို ကြည့်ရှုပြီး ဝန်ထမ်းများအနေဖြင့် ပရဟိတစိတ်ဓာတ်တို့ဖြင့် အခက်အခဲများကြားမှ ကြိုးစားဆောင်ရွက်သွားကြရေးအတွက်မှာကြားခဲ့ပါသည်။

**ပြည်ထောင်စုဝန်ကြီး ဦးကျော်စိုးဝင်း အင်အားပြင်းငလျင်ဒဏ်ခံခဲ့ရသည့် ဝန်ကြီးဌာနမှ ဝန်ထမ်းအိမ်ရာများသို့သွားရောက်တွေ့ဆုံအားပေးခြင်းနှင့် ပြည်ပမှလာရောက်သည့် ကူညီကယ်ဆယ်ရေးအဖွဲ့များအတွက် တည်းခိုနေထိုင်ရေး အဆင်ပြေမှုရှိစေရန် ပြင်ဆင်ဆောင်ရွက်ထားရှိမှု အခြေအနေများအားကြည့်ရှုစစ်ဆေး**



ဟိုတယ်နှင့်ခရီးသွားလာရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးကျော်စိုးဝင်း သည် မတ်လ(၃၀)ရက်နေ့နံနက်ပိုင်းတွင် ဝန်ကြီးဌာနမှ အမြဲတမ်းအတွင်းဝန်နှင့်အရာရှိကြီးများ လိုက်ပါလျက် မတ်လ(၂၈)ရက်နေ့က လှုပ်ခတ်ခဲ့သည့် အင်အားပြင်းငလျင်ဒဏ်ကြောင့် ဘေးသင့်ခံစားခဲ့ရပြီး ပြိုကျပျက်ဆီးခဲ့ရသည့် ဝန်ကြီးဌာနမှ ဝန်ထမ်းအိမ်ရာများနှင့် ဝန်ထမ်းများအားသွားရောက် တွေ့ဆုံအားပေးခဲ့ပါသည်။

ရှေဦးစွာ ပြည်ထောင်စုဝန်ကြီးသည် အဓိကပြိုကျပျက်ဆီးခဲ့ရသည့် ခရေအိမ်ရာတိုက်အမှတ် (၇၄၊ ၇၅၊ ၇၆) သို့ သွားရောက်ပြီး ကယ်ဆယ်ရေးလုပ်ငန်းများဆောင်ရွက်နေသည့် မီးသတ်ဝန်ထမ်းများ၊ ရဲတပ်ဖွဲ့ဝင်များနှင့် အခြားပရဟိတ ကယ်ဆယ်ရေးအဖွဲ့ဝင်များ၏ ကယ်ဆယ်ရေးလုပ်ငန်းများ ဆောင်ရွက်နေမှုအခြေအနေများ၊ ခရေအိမ်ရာနေဝန်ထမ်းများနှင့် မိသားစုဝင်များအားတွေ့ဆုံ၍ နေထိုင်စားသောက်ရေးနှင့် လိုအပ်သည့် စောင့်ရှောက်မှုများ ဆောင်ရွက်ပေးနိုင်ရေးအတွက် တွေ့ဆုံအားပေးခဲ့ပါသည်။

ဆက်လက်၍ ပြည်ထောင်စုဝန်ကြီးသည် ဝန်ကြီးဌာနရှိ ဝန်ထမ်းများနေထိုင်သော ဘူးကွဲအိမ်ရာ၊ ပိတောက်အိမ်ရာ၊ ကံ့ကော်အိမ်ရာများရှိ ဝန်ထမ်းများအားတွေ့ဆုံ၍ ထပ်မံဖြစ်ပွားလာနိုင်သော နောက်ဆက်တွဲ ငလျင်များ၏ ဘေးအန္တရာယ်ကင်းဝေးစွာ နေထိုင်ကြရေး၊ အဆောက်အဦများအတွင်းသို့ ခွင့်ပြုချက်ရရှိမှသာ ပစ္စည်းများရွှေ့ပြောင်းခြင်းနှင့် နေထိုင်ကြရန်မှာကြားခဲ့ပြီး လတ်တလောနေထိုင်နေကြသည့် နေရာများတွင်လည်း ကျန်းမာရေးအသိဖြင့် နေထိုင်ကြရန်နှင့် ဝန်ထမ်းများနှင့်မိသားစုဝင်များ၏ နေထိုင်စားသောက်ရေးနှင့် လိုအပ်မှုများအား ဖြည့်ဆည်းဆောင်ရွက်ပေးနိုင်ရေးအတွက် တာဝန်ရှိသူများကို တွေ့ဆုံမှာကြားခဲ့ပါသည်။

မွန်းလွဲပိုင်းတွင် ပြည်ထောင်စုဝန်ကြီးသည် ရွှေနန်းတော်ဟိုတယ်၌ ဒုတိယဝန်ကြီး၊ အမြဲတမ်းအတွင်းဝန်၊ အဆင့်မြင့်အရာရှိကြီးများနှင့် တွေ့ဆုံ၍ ကယ်ဆယ်ရေး၊ နေရာချထားရေးနှင့် ရုံးလုပ်ငန်းကိစ္စရပ်များ ဆောင်ရွက်နိုင်ရေး၊ ပြည်ပမှလာရောက် ကူညီကြသည့် ကယ်ဆယ်ရေးအဖွဲ့များအတွက် တည်းခိုနေထိုင်ရေးကိစ္စရပ်များ အဆင်ပြေမှုရှိစေရေးအတွက် လမ်းညွှန်မှာကြားခဲ့ပါသည်။

မတ်လ(၃၁)ရက်နေ့ နံနက်ပိုင်းတွင် ပြည်ထောင်စုဝန်ကြီးသည် နေပြည်တော်စည်ပင်သာယာရေးကော်မတီ၊ ဧည့်ရိပ်သာနှင့် Sky Palace ဟိုတယ်တို့သို့ သွားရောက်ပြီး ဗီယက်နမ်နိုင်ငံ၊ စင်္ကာပူနိုင်ငံတို့မှ ရောက်ရှိနေသည့် ကူညီကယ်ဆယ်ရေးအဖွဲ့များအတွက် တည်းခိုနေထိုင်စားသောက်ရေး အဆင်ပြေမှုရှိစေရန် ပြင်ဆင်ဆောင်ရွက်ထားရှိမှုအခြေအနေများကို သွားရောက်ကြည့်ရှုပြီး ကယ်ဆယ်ရေးအဖွဲ့များအား ရင်းရင်းနှီးနှီး တွေ့ဆုံနှုတ်ဆက်ခဲ့ပါသည်။

ယင်းနောက် အင်အားပြင်း ငလျင်ဘေးဒဏ်ကြောင့် ထိခိုက်ပျက်ဆီးသွားသော ဝန်ကြီးဌာနရုံးအဆောက်အအုံအတွင်း/အပြင်နေရာများကို လှည့်လည်ကြည့်ရှုစစ်ဆေးပြီး ရုံးလုပ်ငန်းဆောင်ရွက်နိုင်ရေးအတွက် ပြင်ဆင်ဆောင်ရွက်ကြရန် တာဝန်ရှိသူများအား လိုအပ်သည်များ လမ်းညွှန်မှာကြားခဲ့ပါသည်။

**မြန်မာနိုင်ငံဟိုတယ်နှင့်ခရီးသွားလုပ်ငန်း စနစ်တကျ ဖွံ့ဖြိုးတိုးတက်ရေးအတွက် အားလုံးဝိုင်းဝန်း ပူးပေါင်းဆောင်ရွက်ပေးကြစေလို**




ဟိုတယ်နှင့်ခရီးသွားလာရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီးဦးကျော်စိုးဝင်း သည် ဖေဖော်ဝါရီ ၂၄ ရက်နေ့ နံနက်ပိုင်းတွင် ရန်ကုန်တိုင်းဒေသကြီး ဗိုလ်တထောင်မြို့နယ်ရှိ ဟိုတယ်နှင့်ခရီးသွားညွှန်ကြားမှုဦးစီးဌာနရုံး၌ တိုင်းဒေသကြီးအတွင်းမှ ဌာနဝန်ထမ်းများနှင့် တွေ့ဆုံသည်။

တွေ့ဆုံစဉ် ပြည်ထောင်စုဝန်ကြီးက နိုင်ငံတော်၏ စီးပွားရေးဖွံ့ဖြိုးတိုးတက်အောင်ဆောင်ရွက်လျက်ရှိသည့် ကဏ္ဍကြီးများတွင် ခရီးသွားလုပ်ငန်းသည် ကဏ္ဍတစ်ခုအဖြစ် ပါဝင်နေသည့်အတွက် ဝန်ထမ်းများက အလေးထားဆောင်ရွက်ကြရန် လိုအပ်ပါကြောင်း၊ ဝန်ထမ်းများအနေဖြင့် အစိုးရ - ပုဂ္ဂလိက

ပူးပေါင်းဆောင်ရွက်ရေးကို အားပေးမြှင့်တင်ပြီး ပြည်သူ့ဝန်ထမ်းများ ဖြစ်သည်နှင့်အညီ ကောင်းမွန်သောဝန်ဆောင်မှုများပေးနိုင်အောင် ကြိုးစားကြရမည်ဖြစ်ပါကြောင်း ပြောကြားသည်။

ထို့နောက် တိုင်းဒေသကြီး ဟိုတယ်နှင့်ခရီးသွားညွှန်ကြားမှုဦးစီးဌာန တာဝန်ခံ ညွှန်ကြားရေးမှူးက တိုင်းဒေသကြီးအတွင်း ဟိုတယ်နှင့်ခရီးသွားလုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်ရေးဆောင်ရွက်နေမှု၊ ခရီးသွားဧည့်သည်ရောက်ရှိမှု၊ လုပ်ငန်းလိုင်စင်များ ခွင့်ပြုပေးထားမှု၊ သင်တန်းများဖွင့်လှစ်ပို့ချပေးနေမှုနှင့် ဆက်လက်ဆောင်ရွက်မည့်အစီအစဉ်များကို ရှင်းလင်းတင်ပြရာ ပြည်ထောင်စုဝန်ကြီးကလိုအပ်သည်များ ဖြည့်စွက်မှာကြားသည်။

ယင်းနောက် ရန်ကုန်မြို့ ခရီးသွားလုပ်ငန်းဖွံ့ဖြိုးတိုးတက်ရေး ဗဟိုဌာန (CTD) ရှိ သင်တန်းခန်းမများ၊ သင်ထောက်ကူပစ္စည်းများထားရှိမှု၊ သက်မွေးပညာသင်တန်းများ ဖွင့်လှစ်ပို့ချပေးနေမှုနှင့် မကြာမီဖွင့်လှစ်မည့် တရုတ်အစားအစာချက်ပြုတ်နည်း သင်တန်းဖွင့်လှစ်နိုင်ရေးအတွက် ပြင်ဆင်ဆောင်ရွက်ထားရှိမှုတို့ကို လှည့်လည်ကြည့်ရှုစစ်ဆေးကြသည်။

မွန်းလွဲပိုင်းတွင် ပြည်ထောင်စုဝန်ကြီးသည် အင်လျားလိတ်ဟိုတယ်၌ မြန်မာနိုင်ငံခရီးသွားလုပ်ငန်းအဖွဲ့ချုပ်နှင့် ညီနောင်အသင်းများမှဥက္ကဋ္ဌများ၊ ဒုတိယဥက္ကဋ္ဌများ၊ ဗဟိုအလုပ်အမှုဆောင်များနှင့် တာဝန်ရှိသူများနှင့်တွေ့ဆုံသည်။

တွေ့ဆုံစဉ် ပြည်ထောင်စုဝန်ကြီးက ဝန်ကြီးဌာနအနေဖြင့်ခရီးသွားလုပ်ငန်းတိုးတက်ရေး ဆောင်ရွက်ရာတွင် မူဝါဒများကိုချမှတ်ပေးပြီး ပုဂ္ဂလိကကဏ္ဍကသာ အဓိကထား အကောင်အထည်ဖော် ဆောင်ရွက်ရပါကြောင်း၊ ဝန်ကြီးဌာနအနေဖြင့် လုပ်ငန်းများအောင်မြင်တိုးတက်ရန် လုပ်ထုံးလုပ်နည်းများနှင့်အညီ လိုအပ်သည်များကို ကူညီဆောင်ရွက်ပေးသွားမည်ဖြစ်ပါကြောင်း၊ နိုင်ငံတော်အစိုးရအနေဖြင့် ပြည်တွင်းခရီးသွားလုပ်ငန်းသာမက ပြည်ပခရီးသွားလုပ်ငန်း တိုးတက်ရေးအတွက်ကိုပါ အလေးထားသည့်အတွက် အသင်းအဖွဲ့များနှင့် လုပ်ငန်းလုပ်ကိုင်သူများက ပြည်ပခရီးသွားများ ပိုမိုဝင်ရောက်လာရေးကို အလေးထားဆောင်ရွက်သွားကြစေလိုပါကြောင်း၊ မြန်မာနိုင်ငံ ဟိုတယ်နှင့်ခရီးသွားလုပ်ငန်းစနစ်တကျဖွံ့ဖြိုးတိုးတက်ရေးအတွက် အားလုံးဝိုင်းဝန်းပူးပေါင်းဆောင်ရွက်ပေးကြစေလိုကြောင်း တိုက်တွန်းပြောကြားသည်။

ထို့နောက် မြန်မာနိုင်ငံခရီးသွားလုပ်ငန်း အဖွဲ့ချုပ်ဥက္ကဋ္ဌနှင့်ညီနောင်အသင်းများမှဥက္ကဋ္ဌများ၊ တာဝန်ရှိသူများက အသင်းလိုက်ကော်မတီများဖွဲ့စည်းထားရှိမှု၊ ခရီးသွားဈေးကွက်ရရှိရေးအတွက် မြှင့်တင်ဆောင်ရွက်နေမှု၊ ပြည်တွင်း/ပြည်ပခရီးသွားလုပ်ငန်း ဖွံ့ဖြိုးတိုးတက်ရေးဆောင်ရွက်နေမှုနှင့် ရှေ့ဆက်လက်ဆောင်ရွက်မည့်ကိစ္စရပ်များကို ရှင်းလင်းတင်ပြကြပြီး တင်ပြချက်များအပေါ် ပြည်ထောင်စုဝန်ကြီးက လိုအပ်သည်များ ညှိနှိုင်းဆောင်ရွက်ပေးခဲ့ပါသည်။

## ပြည်ထောင်စုဝန်ကြီး ဦးကျော်စိုးဝင်း “Mekong–Ganga Food Festival” ပွဲတော် တက်ရောက် အမှာစကားပြောကြား



မြန်မာ-အိန္ဒိယနှစ်နိုင်ငံအကြား ယဉ်ကျေးမှုဆိုင်ရာ ထိတွေ့ဆောင်ရွက်မှုနှင့် အတွေ့အကြုံ ဖလှယ်မှုများမှတစ်ဆင့် နှစ်နိုင်ငံချစ်ကြည်ရင်းနှီးမှုကို မြှင့်တင်သွားနိုင်ရန်ရည်ရွယ်၍ ရန်ကုန်မြို့မှ အိန္ဒိယသံရုံးသည် ရန်ကုန်မြို့ရှိ အိန္ဒိယနွယ်ဖွား အမျိုးသမီးများအသင်းနှင့် မြန်မာစီးပွားရေး လုပ်ငန်းရှင်အမျိုးသမီးများကွန်ရက်တို့နှင့် ပူးပေါင်း၍ “Mekong–Ganga Food Festival” ပွဲတော်ကို ဖေဖော်ဝါရီ ၂၃ ရက်နေ့မွန်းလွဲပိုင်းတွင် ရန်ကုန်မြို့ သိမ်ဖြူလမ်းရှိ ယခင်ဝန်ကြီးများရုံး၌ ကျင်းပရာ ဟိုတယ်နှင့်ခရီးသွားလာရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီးဦးကျော်စိုးဝင်း တက်ရောက်အမှာစကားပြောကြားသည်။

အဆိုပါပွဲတော်သို့ ရန်ကုန်တိုင်းဒေသကြီးဝန်ကြီးချုပ် ဦးစိုးသိန်း၊ မြို့တော်ဝန်ဦးဗိုလ်ဌေး၊ ဟိုတယ်နှင့်ခရီးသွားလာရေးဝန်ကြီးဌာနနှင့် ဌာနဆိုင်ရာတာဝန်ရှိသူများ၊ မြန်မာနိုင်ငံဆိုင်ရာ အိန္ဒိယသံအမတ်ကြီး H.E. Mr. Abhay Thakur ၊ နိုင်ငံခြားသံရုံးများမှ သံအမတ်ကြီးများ၊ သံတမန်များ၊ ရန်ကုန်မြို့ အိန္ဒိယနွယ်ဖွား အမျိုးသမီးများအသင်းနှင့် မြန်မာစီးပွားရေးလုပ်ငန်းရှင် အမျိုးသမီးများ ကွန်ရက်တို့မှ ဥက္ကဋ္ဌများနှင့် ဖိတ်ကြားထားသူများ တက်ရောက် ကြသည်။

ဦးစွာ ပြည်ထောင်စုဝန်ကြီး၊ တိုင်းဒေသကြီးဝန်ကြီးချုပ်၊အိန္ဒိယ သံအမတ်ကြီးနှင့်ပွဲတော် တက်ရောက်လာကြသူများသည် မြန်မာအစားအစာပြခန်းများ၊ အိန္ဒိယအစားအစာပြခန်းများနှင့် အမှတ်တရလက်ဆောင်ပစ္စည်းပြခန်းများ၊ လက်မှုပစ္စည်းနှင့် အဝတ်အထည်ပြခန်းများကို လှည့်လည်ကြည့်ရှု အားပေးကြပြီး ပွဲတော်အခမ်းအနားကို ဆီမီးထွန်းညှိပူဇော်၍ စတင်ဖွင့်လှစ်ပေးကာ အသင်းအဖွဲ့များက အိန္ဒိယတေးသီချင်း၊ မြန်မာတေးသီချင်းများ၊ အကအလှများဖြင့် ကပြသီဆိုဖျော်ဖြေကြသည်။

ထို့နောက် အိန္ဒိယသံအမတ်ကြီး၊ အိန္ဒိယနွယ်ဖွားအမျိုးသမီးများအသင်းနှင့် မြန်မာစီးပွားရေးလုပ်ငန်းရှင် အမျိုးသမီးများကွန်ရက်တို့မှ ဥက္ကဋ္ဌတို့က နှုတ်ခွန်းဆက်စကားပြောကြားကြသည်။

ယင်းနောက် ပြည်ထောင်စုဝန်ကြီးက ခုအခမ်းအနားမှတစ်ဆင့် မြန်မာ – အိန္ဒိယနှစ်နိုင်ငံအကြား ကြွယ်ဝသောယဉ်ကျေးမှုအမွေအနှစ်များနှင့် အတွေ့အကြုံကောင်းများ ဖလှယ်ခြင်းဖြင့် နှစ်နိုင်ငံချစ်ကြည်ရင်းနှီးမှုကို မြှင့်တင်သွားနိုင်မည့် အခွင့်အရေးတစ်ခုကို ရရှိနိုင်မည်ဖြစ်ပါကြောင်း၊ မဲခေါင်-ဂင်္ဂါ ပူးပေါင်းဆောင်ရွက်ရေးအဖွဲ့ (The Mekong– Ganga Cooperation –MGC) အား အိန္ဒိယနှင့်ကမ္ဘောဒီးယား၊ လာအို၊ မြန်မာ၊ ထိုင်း၊ ဗီယက်နမ် အာဆီယံ(၅)နိုင်ငံပါဝင်သော အဖွဲ့ဝင်များဖြင့် ဖွဲ့စည်းခဲ့ပါကြောင်း၊ မဲခေါင် – ဂင်္ဂါ ပူးပေါင်းဆောင်ရွက်ရေးအဖွဲ့၏ အဓိကဆောင်ရွက်မှုများတွင် ယဉ်ကျေးမှုဖလှယ်ခြင်းများမှတစ်ဆင့် ခရီးသွားလုပ်ငန်းမြှင့်တင်ရေး အချက်တစ်ချက်ပါဝင်ပါကြောင်း၊ ယနေ့အစားအစာပွဲတော်အခမ်းအနားသည် မြန်မာ-အိန္ဒိယနှစ်နိုင်ငံခရီးသွားလုပ်ငန်းဖွံ့ဖြိုးတိုးတက်ရန်အတွက် ကောင်းမွန်သော ဆောင်ရွက်ချက်တစ်ခုဖြစ်ပါကြောင်း၊ ဝန်ကြီးဌာနအနေဖြင့် ခရီးသွားလုပ်ငန်းမြှင့်တင်နိုင်ရေးအတွက် မြန်မာနိုင်ငံတွင် အာဆီယံအစားအစာပွဲတော်ကဲ့သို့ ခရီးသွားမြှင့်တင်ရေးဆိုင်ရာအစီအစဉ်များကို အစိုးရ-ပုဂ္ဂလိက ပူးပေါင်းဆောင်ရွက်မှုဖြင့်အကောင်အထည်ဖော်ဆောင်ရွက်လျက်ရှိပါကြောင်း၊ ပွဲတော်မှတစ်ဆင့် နှစ်နိုင်ငံဆက်ဆံရေးကို ပိုမိုခိုင်မာစေပြီး ယဉ်ကျေးမှုဖလှယ်ရေးနှင့် ခရီးသွားလုပ်ငန်းဖွံ့ဖြိုးတိုးတက်မှုအတွက် အခွင့်အလမ်းအသစ်များ ဖန်တီးပေးနိုင်မည်ဟု ယုံကြည်ပါကြောင်း ပြောကြားသည်။

ဆက်လက်၍ ပြည်ထောင်စုဝန်ကြီးသည် ကပြဖျော်ဖြေတင်ဆက်ကြသူများအား အမှတ်တရလက်ဆောင်ပစ္စည်းများပေးအပ်ပြီး မှတ်တမ်းတင်ဓာတ်ပုံရိုက်ကြကာ ပြည်ထောင်စုဝန်ကြီး၊ တိုင်းဒေသကြီးဝန်ကြီးချုပ်နှင့် သံအမတ်ကြီးတို့သည် ပွဲတော်ကို ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးခဲ့ပါသည်။

## ပြည်ထောင်စုဝန်ကြီး ဦးကျော်စိုးဝင်း မြန်မာနိုင်ငံဆိုင်ရာ နီပေါနိုင်ငံသံအမတ်ကြီးအား လက်ခံတွေ့ဆုံ



ဟိုတယ်နှင့်ခရီးသွားလာရေးဝန်ကြီးဌာန၊ ပြည်ထောင်စုဝန်ကြီး ဦးကျော်စိုးဝင်းသည် မြန်မာနိုင်ငံဆိုင်ရာ နီပေါနိုင်ငံသံအမတ်ကြီး မစ္စတာဟာရီရှ်ချန်ဒရာဂီမီရေး (H.E. Mr. Harishchandra Ghimire) အား ဖေဖော်ဝါရီ ၂၀ နေ့ မွန်းလွဲပိုင်းတွင် ဝန်ကြီးဌာနရှိ ပြည်ထောင်စုဝန်ကြီးဧည့်ခန်းမ၌ လက်ခံတွေ့ဆုံသည်။

တွေ့ဆုံစဉ် မတ်လ၂၁ ရက်မှ ၂၂ ရက်အထိ နီပေါသံရုံးမှ ဦးစီးကျင်းပမည့် မြန်မာ-နီပေါ ကုန်သွယ်မှုနှင့် ခရီးသွားကုန်စည်ပြပွဲ-၂၀၂၅တွင် မြန်မာနိုင်ငံ ဟိုတယ်နှင့်ခရီးသွားကဏ္ဍမှ ပါဝင်ပူးပေါင်းပြသနိုင်ရေး၊ တောင်တက် ခရီးသွားလုပ်ငန်းနှင့် ဘုရားဖူးခရီးသွားလုပ်ငန်း အကောင်အထည်ဖော်နိုင်ရေး၊ နှစ်နိုင်ငံခရီးသွားလုပ်ငန်း ပူပေါင်းဆောင်ရွက်မှုတိုးမြှင့် ဆောင်ရွက်နိုင်ရေး၊ နှစ်နိုင်ငံခရီးသွားများ ခရီးစဉ်ဒေသများသို့ အပြန်အလှန်သွားလာလည်ပတ်နိုင်ရေး၊ နှစ်နိုင်ငံရှိ ခရီးစဉ်ဒေသများအကြား တိုက်ရိုက်လေကြောင်းလိုင်းများ ပျံသန်းပြေးဆွဲနိုင်ရေး၊ နီပေါခရီးသွားဧည့်သည်များ မြန်မာနိုင်ငံသို့ပိုမိုဝင်ရောက်ရေး၊ နှစ်နိုင်ငံခရီးသွားကဏ္ဍအတွင်းရှိ အစိုးရ-ပုဂ္ဂလိက ပူးပေါင်းဆောင်ရွက်မှု တိုးမြှင့်ဆောင်ရွက်သွားရေး၊ နှစ်နိုင်ငံခရီးသွားလုပ်ငန်းဖွံ့ဖြိုးတိုးတက်ရေးအတွက် ဝန်ကြီးဌာနနှင့်နီပေါသံရုံး ဆက်လက်ပူးပေါင်းဆောင်ရွက်သွားရေးတို့ကို ရင်းနှီးပွင့်လင်းစွာ ဆွေးနွေးကြသည်။

တွေ့ဆုံပွဲသို့ ဒုတိယဝန်ကြီး ဦးဖြိုးဇော်စိုး၊ အမြဲတမ်းအတွင်းဝန်နှင့် တာဝန်ရှိသူများ တက်ရောက်ကြသည်။

## မြန်မာ-တရုတ် သံတမန်ထူထောင်ခြင်း (၇၅) နှစ်မြောက် အထိမ်းအမှတ် တရုတ်အစားအစာချက်ပြုတ်နည်း သင်တန်းဖွင့်ပွဲကျင်းပ



မြန်မာ-တရုတ် သံတမန်ထူထောင်ခြင်း (၇၅) နှစ်မြောက် အထိမ်းအမှတ်အဖြစ် ဟိုတယ်နှင့်ခရီးသွားလာရေးဝန်ကြီးဌာန၊ မြန်မာ-တရုတ် ချစ်ကြည်ရေးအသင်း (မန္တလေး) နှင့် ဖူးကျင့်နိုင်ငံတကာဘာသာစကား သင်တန်းကျောင်းတို့ပူးပေါင်း၍ Yunnan Economics Trade and Foreign Affairs College ၏ အကူအညီဖြင့် တရုတ်အစားအစာချက်ပြုတ်နည်းသင်တန်း ဖွင့်ပွဲအခမ်းအနားကို ဖေဖော်ဝါရီ ၁၉ ရက်နေ့ မွန်းလွဲပိုင်းတွင် နေပြည်တော်ရှိ ရွှေစံအိမ်ဟိုတယ်၌ ကျင်းပပြုလုပ်ရာ ဟိုတယ်နှင့်ခရီးသွားလာရေးဝန်ကြီးဌာန၊ ပြည်ထောင်စုဝန်ကြီးဦးကျော်စိုးဝင်း တက်ရောက်၍ အဖွင့်အမှာစကားပြောကြားသည်။

အခမ်းအနားသို့ နေပြည်တော်ကောင်စီဝင် ဦးဇေယျာလင်း၊ နေပြည်တော်စည်ပင်သာယာရေးကော်မတီဝင် ဦးခွန်နေထွန်းဦး၊ ဝန်ကြီးဌာနမှ အမြဲတမ်းအတွင်းဝန်၊ ညွှန်ကြားရေးမှူးချုပ်၊ ဒုတိယညွှန်ကြားရေးမှူးချုပ်များနှင့် တာဝန်ရှိသူများ၊ ကာကွယ်ရေးဝန်ကြီးဌာန၊ နိုင်ငံခြားရေးဝန်ကြီးဌာနတို့မှ တာဝန်ရှိသူများ၊ ဖူးကျင့်နိုင်ငံတကာ ဘာသာစကားသင်တန်းကျောင်းမှ ကျောင်းအုပ်ကြီးနှင့် ဆရာဆရာမများ၊ တရုတ်နိုင်ငံ ယူနန်ပြည်နယ် ကူမင်း မြို့ Yunnan Economics Trade and Foreign Affairs College မှ ဒုတိယ ကျောင်းအုပ်ကြီးနှင့် ပါမောက္ခ၊ ဆရာဆရာမများ၊ သင်တန်းပို့ချပေးမည့် တရုတ်နိုင်ငံမှ သင်တန်းနည်းပြဆရာများ၊ နေပြည်တော် ဟိုတယ်နှင့်ခရီးသွားလုပ်ငန်းဆိုင်ရာ အသင်းအဖွဲ့များမှ တာဝန်ရှိသူများ၊သင်တန်းသား/သင်တန်းသူများ တက်ရောက်ကြသည်။

အခမ်းအနားတွင် ပြည်ထောင်စုဝန်ကြီးက တရုတ်ခရီးသွား ဧည့်သည်များအတွက် ကောင်းမွန်သောဝန်ဆောင်မှုများပေးနိုင်ရန်နှင့် မြန်မာနိုင်ငံမှ ဟိုတယ်များ၊ စားသောက်ဆိုင်များနှင့်တရုတ်အစားအစာချက်ပြုတ် ပြင်ဆင်ရောင်းချလိုသူများ အတွက်အကျိုးရှိစေရန် ရည်ရွယ်၍ ယနေ့သင်တန်းကိုဖွင့်လှစ်ပို့ချပေးရခြင်းဖြစ်ပါကြောင်း၊ ခရီးစဉ်ဒေသများရှိ မြို့ကြီးအများစုတွင် တရုတ်စားသောက်ဆိုင်များဖွင့်လှစ်နိုင်ခြင်းဖြင့် တရုတ်ခရီးသည်များကို ဆွဲဆောင်သွားနိုင်ကြောင်း၊ ဝန်ကြီးဌာနအနေဖြင့် အစားအစာချက်ပြုတ်မှုနှင့် ဝန်ဆောင်မှုလုပ်ငန်းများတွင် ကျွမ်းကျင်ပြီး အရည်အသွေးပြည့်ဝသော လူ့စွမ်းအားအရင်းအမြစ်များ ပေါ်ထွက်လာစေရန်အတွက် ယခုကဲ့သို့ သင်တန်းများကို တစ်နိုင်ငံလုံးအတိုင်းအတာဖြင့် ဖွင့်လှစ်ပို့ချပေးလျက်ရှိပါကြောင်း၊ ဟိုတယ်နှင့်ခရီးသွားကဏ္ဍ၏ ဝန်ဆောင်မှုအရည်အသွေးများ မြင့်မားလာရန် ပိုင်းဝန်းကြိုးစားဆောင်ရွက်သွားကြရမည်ဖြစ်ကြောင်း တိုက်တွန်းပြောကြား သည်။

ဆက်လက်ပြီး Yunnan Economics Trade and Foreign Affairs College မှ ဒုတိယကျောင်းအုပ်ကြီး၊ ဖူးကျင့်နိုင်ငံတကာဘာသာစကား သင်တန်းကျောင်း ကျောင်းအုပ်ကြီးတို့က သင်တန်းဖွင့်လှစ်ရခြင်းနှင့် စပ်လျဉ်း၍ ရှင်းလင်းတင်ပြကြပြီး စုပေါင်းမှတ်တမ်းတင်ဓာတ်ပုံရိုက်ကြကာ ပြည်ထောင်စုဝန်ကြီးက သင်တန်းသားများအား စာတွေ့/လက်တွေ့ သင်ကြားပို့ချပေးနေမှု အခြေအနေများကို လှည့်လည်ကြည့်ရှုသည်။ သင်တန်းကို ရက်သတ္တပတ် တစ်ပတ်ကြာ ဖွင့်လှစ်သင်ကြား ပို့ချပေးမည်ဖြစ်ပါသည်။

## တရုတ်ဘာသာစကားပြော HSK-2 သင်တန်းဆင်းပွဲကျင်းပ

ဟိုတယ်နှင့်ခရီးသွားဆိုင်ရာ လူ့စွမ်းအားအရင်းအမြစ်များ ဖွံ့ဖြိုးတိုးတက်စေရန်၊ ဝန်ထမ်းများ၏ စွမ်းဆောင်ရည်မြှင့်တင်ရန်နှင့် နိုင်ငံခြားဘာသာစကားစွမ်းရည်များ မြင့်မားလာစေရန် ရည်ရွယ်၍ တရုတ်ဘာသာစကားပြော HSK-2 သင်တန်းဆင်းပွဲကို ဖေဖော်ဝါရီ ၁၈ ရက်နေ့မွန်းလွဲပိုင်းတွင် နေပြည်တော်ရှိ ဟိုတယ်နှင့်ခရီးသွားလာရေးဝန်ကြီးဌာန ကျောက်စိမ်းခန်းမ၌ ကျင်းပသည်။

သင်တန်းဆင်းပွဲသို့ဟိုတယ်နှင့်ခရီးသွားလာရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီးဦးကျော်စိုးဝင်း၊ အမြဲတမ်းအတွင်းဝန်နှင့်တာဝန်ရှိသူများ၊ မန္တလေးမြို့ ဖူးကျင့်နိုင်ငံတကာ ဘာသာစကားသင်တန်းကျောင်း တာဝန်ခံကျောင်းအုပ်ကြီးနှင့် သင်တန်းနည်းပြ ဆရာ/ဆရာမများ၊ သင်တန်းသား/သူများ၊ဖိတ်ကြားထားသူများ တက်ရောက်ကြသည်။

သင်တန်းဆင်းပွဲတွင် ပြည်ထောင်စုဝန်ကြီးက တရုတ်ဘာသာစကားပြော HSK 2 သင်တန်းကို ဝန်ထမ်းများအတွက် သုံးလကြာဖွင့်လှစ်ပေးခဲ့ကြောင်း၊ ဝန်ကြီးဌာနမှ ဝန်ထမ်းများ၏ လုပ်ငန်းစွမ်းဆောင်ရည် တိုးတက်လာစေရေး အတွက် ပြည်တွင်း၊ ပြည်ပသင်တန်းများကိုလည်း စေလွှတ်တက်ရောက်စေလျက်ရှိကြောင်း၊ တရုတ်ခရီးသွားများအနေဖြင့် အရှေ့တောင် အာရှဒေသ၊ ဥရောပ၊ ရုရှားနှင့် ဂျပန်နိုင်ငံတို့ကို အများဆုံးလည်ပတ်ကြပြီး မြန်မာနိုင်ငံအနေဖြင့် ယင်းဈေးကွက်ကိုရရှိနိုင်ရေး ကြိုးစားကြရမည်ဖြစ်ကြောင်း သိရသည်။





မြန်မာနိုင်ငံသို့ ၂၀၂၄ ခုနှစ်အတွင်း ဗီဇာဖြင့် အများဆုံးလာရောက်လည်ပတ်ခဲ့သည့် ပြည်ပခရီးသွားဧည့်သည်ရောက်ရှိမှုစာရင်းတွင် တရုတ်ခရီးသွားဧည့်သည်ရောက်ရှိမှုသည် ထိပ်ဆုံးနိုင်ငံများစာရင်းတွင် ပါဝင်နေသည်ကို တွေ့ရှိရကြောင်း၊ တရုတ်ခရီးသွားဈေးကွက်သည် မြန်မာနိုင်ငံခရီးသွားလုပ်ငန်းကဏ္ဍအတွက် အလားအလာရှိသော ခရီးသွားဈေးကွက်ဝင်နိုင်ငံတစ်ခုဖြစ်ကြောင်း၊ ထို့ကြောင့် သင်တန်းသားဝန်ထမ်းများအနေဖြင့် မိမိတို့သင်ယူတတ်မြောက်ခဲ့သော ဘာသာစကားများ၊ ဘာသာရပ်များဖြင့် မြန်မာနိုင်ငံခရီးသွားလုပ်ငန်း ဖွံ့ဖြိုးတိုးတက်ရေးကို ကြိုးစားဆောင်ရွက် သွားကြရမည်ဖြစ်ကြောင်းပြောကြားသည်။

ထို့နောက် မန္တလေးမြို့ ဖူးကျင့်နိုင်ငံတကာဘာသာစကား သင်တန်းကျောင်း တာဝန်ခံကျောင်းအုပ်ကြီးက တရုတ်ဘာသာစကားပြော HSK-2 သင်တန်း ဖွင့်လှစ်သင်ကြားခဲ့မှုနှင့်သင်တန်းထပ်မံဖွင့်လှစ်မည့်အစီအစဉ်များကိုရှင်းလင်း တင်ပြသည်။

ယင်းနောက် ပြည်ထောင်စုဝန်ကြီးနှင့် တာဝန်ရှိသူများသည် ဖူးကျင့်နိုင်ငံတကာဘာသာစကားသင်တန်းကျောင်းနှင့် သင်တန်းသား သင်တန်းသူများအား သင်တန်းဆင်းလက်မှတ်များ၊ ထူးချွန်ဆုများနှင့် ဂုဏ်ပြုချီးမြှင့်ငွေများ ပေးအပ်ခဲ့ပါသည်။

## ဟိုတယ်နှင့်ခရီးသွားလာရေးဝန်ကြီးဌာန မြန်မာ့ရိုးရာထမနဲထိုးပြိုင်ပွဲကျင်းပ

မြန်မာတို့၏ ရိုးရာယဉ်ကျေးမှုအမွေအနှစ်များကို ထိန်းသိမ်းတန်ဖိုးထားတတ်စေရန်၊ ဝန်ထမ်းများအချင်းချင်း ပူးပေါင်းဆောင်ရွက်တတ်မှု၊ စည်းလုံး ညီညွတ်မှုတို့ရှိကြစေရန်နှင့် မြန်မာတို့၏ ၁၂ လ ရာသီပွဲတော်များ၏ အနှစ်သာရကို သိရှိနားလည်တတ်စေရန် ရည်ရွယ်ပြီး မြန်မာ့ရိုးရာထမနဲထိုး ပြိုင်ပွဲကို ဟိုတယ်နှင့်ခရီးသွားလာရေးဝန်ကြီးဌာနတွင် ဖေဖော်ဝါရီ ၁၇ ရက်နေ့ နံနက်ပိုင်းကကျင်းပရာ ဟိုတယ်နှင့်ခရီးသွားလာရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးကျော်စိုးဝင်း တက်ရောက်၍ အဖွင့်အမှာစကား ပြောကြားသည်။



ထမနဲထိုးပြိုင်ပွဲသို့ ဟိုတယ်နှင့်ခရီးသွားလာရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးဖြိုးဇော်စိုး၊ အမြဲတမ်းအတွင်းဝန်၊ ညွှန်ကြားရေးမှူးချုပ်နှင့် ဝန်ကြီးဌာနမှ အရာထမ်း၊ အမှုထမ်းများ၊ နေပြည်တော်ဟိုတယ်ဆိုင်ရာလုပ်ငန်းရှင်များ အသင်းနှင့် ခရီးသွားလုပ်ငန်းရှင်များအသင်းတို့မှ တာဝန်ရှိပုဂ္ဂိုလ်များ၊ နေပြည်တော်ဟိုတယ်ဇုန်ရှိ ဟိုတယ်များမှ ပြိုင်ပွဲဝင်အသင်းများ၊ ဖိတ်ကြား ထားသူများ ပါဝင်တက်ရောက်ကြသည်။

ထမနဲထိုးပြိုင်ပွဲတွင် ပြည်ထောင်စုဝန်ကြီးက ဝန်ကြီးဌာန မိသားစုများ၏ မြန်မာ့ရိုးရာထမနဲထိုးပြိုင်ပွဲကို ဝန်ကြီးရုံးနှင့် ဦးစီးဌာနတို့မှသုံးသင်း၊ နေပြည်တော်ဟိုတယ်ဆိုင်ရာလုပ်ငန်းရှင်များအသင်းမှ ပြိုင်ပွဲဝင်အသင်း ခုနစ်သင်း စုစုပေါင်း ၁၀ သင်းဖြင့် ဝင်ရောက်ယှဉ်ပြိုင်ကြမည်ဖြစ်ကြောင်း၊ ပြိုင်ပွဲဝင် အသင်းများအနေဖြင့် မြန်မာ့ရိုးရာဓလေ့ စရိုက်များကို ထိန်းသိမ်းတန်ဖိုးထားပြီး စည်းလုံးမှု၏ စွမ်းအားဖြင့် သန့်ရှင်းမျှတစွာ ပါဝင်ယှဉ်ပြိုင်ကြစေလိုကြောင်း တိုက်တွန်းပြောကြားသည်။

ထို့နောက် အမှတ်ပေးဒိုင်အဖွဲ့တာဝန်ရှိသူက ပြိုင်ပွဲစည်းမျဉ်း/စည်းကမ်းများနှင့် အမှတ်ပေးစနစ်များကို ရှင်းလင်းပြောကြားပြီးဝန်ကြီးဌာန၏ မြန်မာ့ရိုးရာထမနဲထိုးပြိုင်ပွဲကို ခရာမှုတ်၍စတင်ခဲ့ရာ ပြည်ထောင်စုဝန်ကြီး၊ ဒုတိယဝန်ကြီးနှင့် တာဝန်ရှိသူများသည် ပြိုင်ပွဲဝင်အသင်းများ၏ အသင်းအလိုက် တပျော်တပါးထမနဲထိုးယှဉ်ပြိုင်နေမှု အခြေအနေများကို လိုက်လံကြည့်ရှု အားပေးကြသည်။

ထို့နောက် ပြည်ထောင်စုဝန်ကြီး၊ ဒုတိယဝန်ကြီး၊ အမြဲတမ်းအတွင်းဝန်၊ ညွှန်ကြားရေးမှူးချုပ်၊ နေပြည်တော်ဟိုတယ်ဆိုင်ရာလုပ်ငန်းရှင်များ အသင်းနှင့်ခရီးသွားလုပ်ငန်းရှင်များအသင်းတို့မှ တာဝန်ရှိသူများက ထမနဲထိုးပြိုင်ပွဲတွင် ပထမ၊ ဒုတိယ၊ တတိယ၊ စတုတ္ထ၊ ပဉ္စမဆုရရှိကြသည့် အသင်းများနှင့် အရောင်အဆင်း၊ အနံ့အရသာ၊ အပြင်အဆင်ကောင်းမှု၊ တစ်ကိုယ်ရည်သန့်ရှင်းမှု၊ ဝတ်စားဆင်ယင်မှု စသည်တို့တွင် အထူးဆုရရှိကြသည့် အသင်းများအား ဆုများပေးအပ်ချီးမြှင့်ပြီး ဝန်ထမ်းမိသားစုများကို ထမနဲများဖြင့် ဧည့်ခံ၍ ပြိုင်ပွဲဝင်အသင်းများနှင့်အတူ စုပေါင်းမှတ်တမ်း ဓါတ်ပုံရိုက်ခဲ့ကြပါသည်။

**ဒုတိယဝန်ကြီး ဦးဖြိုးဇော်စိုး ပြိုကျပျက်စီးခဲ့သည့် ဝန်ကြီးဌာနမှ ဝန်ထမ်းအိမ်ရာများတွင် ပစ္စည်းများပြန်လည်ဆယ်ယူနေမှုများကို ကွင်းဆင်းစစ်ဆေး**



ဟိုတယ်နှင့် ခရီးသွားလာရေးဝန်ကြီးဌာန ဒုတိယဝန်ကြီးဦးဖြိုးဇော်စိုးသည် ဧပြီလ (၂၁)ရက်နေ့ နေ့လည်ပိုင်းတွင် မန္တလေးလျှင်ကြီးကြောင့် အဓိက ပြိုကျပျက်စီးခဲ့သည့် ဝန်ကြီးဌာနမှ ဝန်ထမ်းအိမ်ရာများဖြစ်သော ခရေအိမ်ရာ တိုက်အမှတ် (၇၄၊၇၅၊၇၆) များသို့သွားရောက်ကာ မြန်မာနိုင်ငံရဲတပ်ဖွဲ့ဝင်များနှင့် မီးသတ်တပ်ဖွဲ့ဝင်များက ဝန်ထမ်းမိသားစုဝင်များ၏ ပစ္စည်းများ ပြန်လည်ဆယ်ယူပေးနေမှုအခြေအနေများကို သွားရောက်ကြည့်ရှုကာ ဝန်ထမ်းမိသားစုဝင်များအား တွေ့ဆုံအားပေးခဲ့ပါသည်။

ဒုတိယဝန်ကြီးက မီးသတ်တပ်ဖွဲ့ဝင်များအား တွေ့ဆုံနှုတ်ဆက်ကာ ကျေးဇူးတင်စကားပြောကြားပြီးနောက် ပစ္စည်းများကို ပြန်လည် ဆယ်ယူရာတွင် ဘေးအန္တရာယ် ကင်းရှင်းရေးကို ဦးစားပေးဆောင်ရွက်ကြရန်၊ ဆယ်ယူပစ္စည်းများအားပိုင်ရှင်များထံသို့ စနစ်တကျအပ်နှံဆောင်ရွက်ပေးရန် နှင့်ပစ္စည်းများကိုလည်းတတ်နိုင်သမျှပျက်စီးမှုနည်းအောင်ဆောင်ရွက်ပေးရန်မှာကြားခဲ့ပါသည်။

ထို့နောက် ဒုတိယဝန်ကြီးသည် ဝန်ထမ်းများနှင့် မိသားစုဝင်များအား တွေ့ဆုံ၍ အားပေးစကားပြောကြားကာ အဆောက်အဦပြိုကျပျက်စီးမှုတွင် ပါသွားသည့်ပစ္စည်းများကို ဖြစ်နိုင်သမျှ ပြန်လည်ရရှိနိုင်ရေးအတွက် မီးသတ်တပ်ဖွဲ့ဝင်များနှင့် ညှိနှိုင်းဆောင်ရွက်လျက်ရှိပါကြောင်း၊ မိမိတို့ ယခုချိန်အထိဆယ်ယူရရှိသည့် ပစ္စည်းများနှင့်အဖိုးတန်ပစ္စည်းများကို မှတ်တမ်းဖြင့် စနစ်တကျ လက်ခံသိမ်းဆည်းစေလိုပါကြောင်းပြောကြားခဲ့ပြီး ဝန်ထမ်းများနှင့် ဝန်ထမ်းမိသားစုဝင်များ၏ ဆယ်ယူပစ္စည်းများကို ၎င်းတို့နေထိုင်ရာနေရာများသို့ အဆင်ပြေစွာ ပို့ဆောင်ပေးနိုင်ရန်အတွက် မော်တော်ယာဉ်များ စီစဉ်ပေးရန် တာဝန်ရှိသူများအားမှာကြားခဲ့ပြီး လိုအပ်သည်များကို ပေါင်းစပ်ဆောင်ရွက်ပေးခဲ့ပါကြောင်း သတင်းရရှိပါသည်။

**ဒုတိယဝန်ကြီး ဦးဖြိုးဇော်စိုး ပြည်တွင်း/ပြည်ပ အလှူရှင်များမှ လှူဒါန်းပစ္စည်းများအား လက်ခံလွှဲပြောင်းခြင်းနှင့် လျှင်ဘေးဒဏ်သင့်ဝန်ထမ်းများနှင့် မိသားစုဝင်များ ယာယီနေထိုင်နိုင်ရေးအတွက် ပြင်ဆင်ဆောင်ရွက်ထားရှိမှု အခြေအနေများအား ကြည့်ရှုစစ်ဆေး**

ဟိုတယ်နှင့်ခရီးသွားလာရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးဖြိုးဇော်စိုးသည် ဧပြီလ (၁၁)ရက်နေ့နံနက်ပိုင်းတွင် ဟိုတယ်နှင့်ခရီးသွားလာရေးဝန်ကြီးဌာန၌ မန္တလေးလျှင်ကြီးကြောင့် ထိခိုက်ခံစားခဲ့ရသော ဝန်ကြီးဌာနမှ ဝန်ထမ်းများနှင့် မိသားစုဝင်များအတွက် မြန်မာနိုင်ငံခရီးသွားလုပ်ငန်းရှင်များ အသင်းနှင့် ပြည်တွင်း/ပြည်ပမှ အလှူရှင်များက လှူဒါန်းသော ထောက်ပံ့ငွေများနှင့် အစားအသောက်များ၊ တစ်ကိုယ်ရည်သုံးပစ္စည်းများကို လက်ခံရယူပြီး လျှင်ဘေးဒဏ်သင့် ဝန်ထမ်းများထံသို့ လွှဲပြောင်းဖြန့်ဝေပေးပါသည်။



မွန်းလွဲပိုင်းတွင် ဒုတိယဝန်ကြီးသည် နေပြည်တော်၊ ဟိုတယ်နှင့်ခရီးသွားလာရေးဝန်ကြီးဌာန ရုံးအဆောက်အဦပတ်ဝန်းကျင်အနီးတွင် လျှင်ဘေးဒဏ်သင့်ဝန်ထမ်းများနှင့် မိသားစုဝင်များ ယာယီနေထိုင်နိုင်ရန် မြေနေရာနှင့်ယာယီအဆောက်အဦးဆောက်လုပ်နိုင်ရေးအတွက် ပြင်ဆင်ဆောင်ရွက်နေမှု အခြေအနေများအားကြည့်ရှုစစ်ဆေးပြီး တာဝန်ရှိသူများအား လုပ်ငန်းများ ဆောင်ရွက်ရာတွင် ဘေးအန္တရာယ်ကင်းရှင်းစွာဖြင့် စနစ်တကျဆောင်ရွက်ကြရေး၊ အခြေခံလိုအပ်ချက်များအား အတတ်နိုင်ဆုံးဖြည့်ဆည်း ဆောင်ရွက်ပေးရေး၊ ပြောင်းရွှေ့ နေရာချထားပေးရန် ကျန်ရှိနေသေးသော ဝန်ထမ်းများနှင့် မိသားစုဝင်များအား အမြန်ဆုံးပြောင်းရွှေ့နေရာချထားပေးနိုင်ရေးအတွက် လုပ်ငန်းများအားစနစ်တကျလျင်မြန်စွာဆောင်ရွက်ကြရေးတာဝန်ရှိသူများအားမှာကြားခဲ့ပါသည်။

ဆက်လက်၍ ဒုတိယဝန်ကြီးသည် ဝန်ကြီးဌာနရှိ လျှင်ဘေးဒဏ်သင့်ဝန်ထမ်းများနှင့် မိသားစုဝင်များ ယာယီနေထိုင်နိုင်ရန် နေရာချထားပေးသည့်နေရာများသို့ သွားရောက်ပြီး ဝန်ထမ်းများနှင့် မိသားစုဝင်များ နေထိုင်နေမှုအခြေအနေများကို ကြည့်ရှုကာ ကူးစက်ရောဂါများမဖြစ်ပွားစေရေးအတွက် စနစ်တကျနေထိုင်ကြရေး၊ ယာယီနေရာများတွင် နေထိုင်ရာ၌ ဝန်ကြီးဌာနမှ ထုတ်ပြန်ထားရှိသော စည်းကမ်းချက်များနှင့်အညီ နေထိုင်ကြရေး၊ စွန့်ပစ်အညစ်အကြေးများအား စနစ်တကျ စွန့်ပစ်ကြရေးနှင့် ကျန်းမာရေး အသိသတိဖြင့် နေထိုင်ကြရေးမှာကြားခဲ့ကြောင်းသိရသည်။

**ဒုတိယဝန်ကြီးဦးဖြိုးဇော်စိုး မွန်ပြည်နယ်အတွင်းရှိ ဟိုတယ်နှင့်ခရီးသွားလုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်ရေးကွင်းဆင်း ဆောင်ရွက်**



ဟိုတယ်နှင့်ခရီးသွားလာရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးဖြိုးဇော်စိုးသည်

မတ်လ ၁၉ ရက်နေ့ မွန်းလွဲပိုင်းတွင် မွန်ပြည်နယ် မော်လမြိုင်မြို့ရှိ ဟိုတယ်နှင့်ခရီးသွားညွှန်ကြားမှုဦးစီးဌာနရုံး၌ ဝန်ထမ်းများ၊ ဟိုတယ်နှင့်ခရီးသွားအသင်းအဖွဲ့များမှ တာဝန်ရှိသူများနှင့် တွေ့ဆုံသည်။

တွေ့ဆုံစဉ် ဒုတိယဝန်ကြီးက မွန်ပြည်နယ်အတွင်းရှိ ခရီးသွားလုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်ရေး အကောင်အထည်ဖော်ဆောင်ရွက်ကြရာတွင် ယင်းနှင့်ဆက်စပ်သည့် MSME လုပ်ငန်းများပါ ဖွံ့ဖြိုးတိုးတက်လာရေး ဆောင်ရွက်ကြရန်လိုအပ်ကြောင်း၊ ခရီးသွားလုပ်ငန်းတိုးတက်ရေးမှာ ပုဂ္ဂလိကကဏ္ဍက အဓိကထားအကောင်အထည်ဖော်ကြရသည့်အတွက် ဝန်ထမ်းများ အနေဖြင့် အစိုးရ-ပုဂ္ဂလိက ပူးပေါင်းဆောင်ရွက်မှု အားကောင်းလာစေရန် ကြိုးပမ်းဆောင်ရွက်ကြရမည်ဖြစ်ကြောင်း၊ဝန်ကြီးဌာနအနေဖြင့် တစ်နိုင်ငံလုံး အတိုင်းအတာဖြင့် ခရီးသွားလုပ်ငန်းများ စနစ်တကျဖွံ့ဖြိုးတိုးတက်လာစေရေး အတွက် လုပ်ငန်းရပ်များအလိုက် Standard Operating Procedure (SOP) များ ရေးဆွဲဆောင်ရွက်လျက်ရှိရာတွင် မိမိတို့ပြည်နယ်နှင့် သက်ဆိုင်မှုရှိသည့် ခရီးသွားလုပ်ငန်းများ စနစ်တကျပါဝင်စေရေး ဝိုင်းဝန်းဆောင်ရွက်ကြရန်လိုအပ်ကြောင်း၊ ဝိုင်းဝန်းပူးပေါင်း၍ ရည်မှန်းချက်ထား ဆောင်ရွက်ပေးကြစေလိုကြောင်း၊ ခရီးသွားလုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်ရေး အကောင်အထည်ဖော်ဆောင်ရွက်ကြရာတွင် မိမိတို့လုပ်ငန်းနှင့်ဆက်စပ်သည့် ဗဟုသုတများပါ တိုးတက်ရရှိစေရန် ကြိုးစားလေ့လာကြပြီး နိုင်ငံတော်နှင့် ဝန်ကြီးဌာနအကျိုး၊ ပြည်သူလူထုအကျိုးအတွက် ကြိုးစားဆောင်ရွက်ကြရန် တိုက်တွန်းမှာကြားပြီး ဝန်ထမ်းများ၏တင်ပြချက်များအပေါ် လိုအပ်သည်များ ဖြည့်ဆည်းဆောင်ရွက်ပေးသည်။

ဆက်လက်၍ ဒုတိယဝန်ကြီးသည် ဟိုတယ်နှင့်ခရီးသွားညွှန်ကြားမှုဦးစီးဌာန မွန်ပြည်နယ် ရုံးအဆောက်အအုံသစ်ဆောက်လုပ်နေမှု၊ ဆောင်ရွက်ပြီးစီးမှုအခြေအနေကို လှည့်လည်ကြည့်ရှုစစ်ဆေးပြီး သတ်မှတ်ထားသော အရည်အသွေး၊ စံချိန်စံညွှန်းများနှင့် ကိုက်ညီရေး အလေးထားဆောင်ရွက်ကြရန်၊ ပစ္စည်းများအလေအလွင့်မရှိစေရေး စနစ်တကျ ကြပ်မတ်ဆောင်ရွက်ကြရန် မှာကြားပြီး လိုအပ်သည်များ ပေါင်းစပ်ဖြည့်ဆည်းဆောင်ရွက်ပေးခဲ့ကြောင်း သိရသည်။

## ဟိုတယ်နှင့်ခရီးသွားလာရေးဝန်ကြီးဌာနတွင်မီးဘေးအန္တရာယ်ကြိုတင်ကာကွယ်ရေး အသိပညာပေးဟောပြောပွဲနှင့်သရုပ်ပြပွဲအခမ်းအနားကျင်းပ



မီးဘေးအန္တရာယ်ကြိုတင်ကာကွယ်ရေး အသိပညာပေးဟောပြောပွဲနှင့် သရုပ်ပြပွဲအခမ်းအနားကို မတ် ၁၁ ရက်နေ့ မွန်းလွဲပိုင်းတွင် နေပြည်တော်ရှိ ဟိုတယ်နှင့်ခရီးသွားလာရေးဝန်ကြီးဌာန ကျောက်စိမ်းခန်းမ၌ ကျင်းပရာ ဒုတိယဝန်ကြီး ဦးဖြိုးဇော်စိုး ၊ အမြဲတမ်းအတွင်းဝန်၊ ဒုတိယအမြဲတမ်းအတွင်းဝန်နှင့် ဒုတိယညွှန်ကြားရေးမှူးချုပ်များ၊ အရာထမ်း/အမှုထမ်းများ၊ မြန်မာနိုင်ငံ မီးသတ်ဦးစီးဌာနမှတာဝန်ရှိသူများ တက်ရောက်ကြသည်။

အခမ်းအနားတွင် ဒုတိယဝန်ကြီးဦးဖြိုးဇော်စိုးက အဖွင့်အမှာစကားပြောကြားပြီး မြန်မာနိုင်ငံ မီးသတ်ဦးစီးဌာနမှ တာဝန်ရှိသူတစ်ဦးက မီးလောင်မှုအခြေခံသဘောတရားများ၊ မီးဘေးကြိုတင် ကာကွယ်ရေးနှင့်ရှောင်ကြဉ်ရမည့်အချက်များ၊ မီးငြိမ်းသတ်ရေးဆိုင်ရာ လုပ်ငန်းစဉ်များ၊ မီးငြိမ်းသတ်ရာတွင် တွေ့ကြုံရသည့် အတွေ့အကြုံများကို ရှင်းလင်းပြောကြားသည်။

ဆက်လက်၍ ဟိုတယ်နှင့်ခရီးသွားလာရေးဝန်ကြီးဌာန ဝန်ကြီးရုံး အုပ်ချုပ်ရေးနှင့်လူ့စွမ်းအားအရင်းအမြစ်စီမံခန့်ခွဲမှုဌာနခွဲမှ လက်ထောက်အတွင်းဝန်က ဝန်ကြီးဌာန၏ မီးဘေးလုံခြုံရေးစီမံချက်ပါ သာမန်အချိန်၊ မီးလောင်မှုဖြစ်ပေါ်ချိန်နှင့် မီးလောင်ကျွမ်းပြီးချိန်တို့တွင် လုပ်ဆောင်ရမည့် လုပ်ငန်းစဉ်များ၊ အဖွဲ့များဖွဲ့စည်းဆောင်ရွက်ထားရှိမှုများနှင့် ၎င်းတို့၏ လုပ်ငန်းတာဝန်များကို အသေးစိတ်ရှင်းလင်းတင်ပြသည်။

ထို့နောက် တက်ရောက်လာကြသူများက သိရှိလိုသည်များကို မေးမြန်းဆွေးနွေးကြပြီး မီးသတ်ဦးစီးဌာနမှ တာဝန်ရှိသူများက မီးငြိမ်းသတ်ခြင်းအား သရုပ်ပြရှင်းလင်းကာ ဝန်ထမ်းများက လက်တွေ့ပါဝင်ဆောင်ရွက်ခဲ့ပါသည်။

## ညောင်ရွှေခရီးစဉ်ဒေသ ဖွံ့ဖြိုးတိုးတက်ရေး ကွင်းဆင်းဆောင်ရွက်



ဟိုတယ်နှင့်ခရီးသွားလာရေးဝန်ကြီးဌာန ဒုတိယဝန်ကြီးဦးဖြိုးဇော်စိုးသည် ရှမ်းပြည်နယ် အစိုးရအဖွဲ့ စီးပွားရေးရာဝန်ကြီး ဦးခွန်သိန်းမောင်နှင့်အတူ မတ် ၁ နေ့နံနက်ပိုင်းတွင် ညောင်ရွှေမြို့နယ်ရှိ Red Mountain ဝိုင်ထုတ်လုပ်ရေးလုပ်ငန်းသို့ သွားရောက်ကြည့်ရှုလေ့လာပြီး လိုအပ်သည်များကိုမှာကြားသည်။

ကြည့်ရှုစဉ် ဒုတိယဝန်ကြီးက ဟိုတယ်နှင့်ခရီးသွားလာရေးကဏ္ဍသာမက ဒေသန္တရ ဗဟုသုတများ၊ ဘာသာစကားနှင့် ဖွံ့ဖြိုးတိုးတက်လာသည့် နည်းပညာများကိုပါ ကျွမ်းကျင်မှု ရှိစေရန် စဉ်ဆက်မပြတ် လေ့လာသင်ယူကြရမည်ဖြစ်ပါကြောင်း၊ သတင်းပြန်ကြားရေးကောင်တာတွင် ခရီးသည်များသွားလာလည်ပတ်နိုင်သည့် ခရီးစဉ်ဒေသဆိုင်ရာ အချက်အလက်များ၊ သယ်ယူပို့ဆောင်ရေး၊ တည်းခိုနေထိုင်စားသောက်ရေး စသည့်အချက်အလက်များ၊ ခရီးစဉ်ဒေသ၏ မြေပုံများနှင့် ခရီးသွားဧည့်သည်များ သိသင့်သိထိုက်သည့် အချက်အလက်များကို ပြည့်စုံမှန်ကန်အောင် ဖြည့်တင်းဆောင်ရွက်ထားစေလိုပါကြောင်းမှာကြားသည်။

ထို့နောက် ဒုတိယဝန်ကြီးနှင့်အဖွဲ့သည် အင်းလေးကန်သို့ လာရောက်လည်ပတ်ကြသည့် ခရီးသည်များအသုံးပြုနိုင်ရန် ညောင်ရွှေမြို့နယ် စည်ပင်သာယာရေးဌာနမှ ဆောင်ရွက်ထားသည့် စက်လှေဆိပ်အား လှည့်လည်ကြည့်ရှုသည်။

မွန်းလွဲပိုင်းတွင် ညောင်ရွှေမြို့နယ်ရှိ အင်းလေး ရေတံခွန်သို့ သွားရောက်ကာ ပြည်တွင်းပြည်ပခရီးသွားဧည့်သည်များ လာရောက်အပန်းဖြေလည်ပတ်နိုင်ရန်အတွက် ခရီးစဉ်ဒေသအသစ် ဖော်ထုတ်ဆောင်ရွက်နိုင်မှု အခြေအနေများကို လှည့်လည်ကြည့်ရှုခဲ့ပါသည်။

## ဒုတိယဝန်ကြီး ဦးဖြိုးဇော်စိုး တောင်ကြီးမြို့ရှိ ခရီးစဉ်ဒေသစီမံခန့်ခွဲရေးအဖွဲ့များနှင့် တွေ့ဆုံ




ဟိုတယ်နှင့်ခရီးသွားလာရေးဝန်ကြီးဌာန ဒုတိယဝန်ကြီးဦးဖြိုးဇော်စိုးသည် ဖေဖော်ဝါရီလ ၂၈ ရက်နေ့ မွန်းလွဲပိုင်းတွင် တောင်ကြီးမြို့ရှိ ခရိုင်/ မြို့နယ်အဆင့် ခရီးစဉ် ဒေသစီမံခန့်ခွဲရေးအဖွဲ့ဝင်များကို Royal Taunggyi Hotel ၌ တွေ့ဆုံရာ ရှမ်းပြည်နယ် စီးပွားရေးရာဝန်ကြီး ဦးခွန်သိန်းမောင်၊ ဟိုတယ်နှင့်ခရီးသွား ညွှန်ကြားမှုဦးစီးဌာန ဒုတိယညွှန်ကြားရေးမှူးချုပ်နှင့် တာဝန်ရှိသူများ၊ တောင်ကြီးမြို့ရှိ ဟိုတယ်နှင့်ခရီးသွားဆိုင်ရာ အသင်းအဖွဲ့များမှ တာဝန်ရှိသူများနှင့်လုပ်ငန်းရှင်များ တက်ရောက်ကြသည်။

တွေ့ဆုံစဉ် ဒုတိယဝန်ကြီးက ရှမ်းပြည်နယ်သည် ဖော်ရွေပျူငှာသည့် တိုင်းရင်းသားများ၏ ရိုးရာဓလေ့ထုံးတမ်းအစဉ်အလာများ၊ နေထိုင်စားသောက်ပုံများ၊ DMO များအနေဖြင့် ခရီးသွားလုပ်ငန်းမှတစ်ဆင့် မိမိတို့ဒေသဖွံ့ဖြိုးတိုးတက်ရေး၊ ယဉ်ကျေးမှုအမွေအနှစ်များနှင့် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းစောင့်ရှောက်ရေးအပြင် ဟိုတယ်နှင့်ခရီးသွားဆိုင်ရာ လူ့စွမ်းအားအရင်းအမြစ်များ ဖွံ့ဖြိုးတိုးတက်ရေးအတွက် လုပ်ငန်းရှင်များ၊ ဒေသခံပြည်သူများနှင့်ပူးပေါင်း၍ အားလုံးပိုင်းဝန်းကြိုးပမ်းဆောင်ရွက်ကြရမည်ဖြစ်ကြောင်း ပြောကြားသည်။

ထို့နောက် တက်ရောက်လာကြသည့် ခရိုင်အဆင့်/ မြို့နယ်အဆင့် ဌာနဆိုင်ရာများနှင့် ဟိုတယ်နှင့်ခရီးသွားဆိုင်ရာအသင်းအဖွဲ့များမှ တာဝန်ရှိသူများက သက်ဆိုင်ရာကဏ္ဍအလိုက် ဆွေးနွေးတင်ပြကြရာ ဒုတိယဝန်ကြီးက လိုအပ်သည်များကို ပေါင်းစပ်ဆောင်ရွက်ပေးခဲ့ပါသည်။

## တရုတ်အစားအစာချက်ပြုတ်နည်းသင်တန်းဖွင့်ပွဲအခမ်းအနားကျင်းပ

မြန်မာ-တရုတ်သံတမန်ထူထောင်ခြင်း (၇၅)နှစ်မြောက် အထိမ်းအမှတ်အဖြစ် ဟိုတယ်နှင့်ခရီးသွားလာရေးဝန်ကြီးဌာန မြန်မာ-တရုတ် ချစ်ကြည်ရေးအသင်း(မန္တလေး)နှင့် ဖူးကျင့်နိုင်ငံတကာ ဘာသာစကားသင်တန်းကျောင်းတို့ ပူးပေါင်း၍ Yunnan Economics Trade and Foreign Affairs College ၏ အကူအညီဖြင့် တရုတ်အစားအစာချက်ပြုတ်နည်းသင်တန်းဖွင့်ပွဲ အခမ်းအနားကို ဖေဖော်ဝါရီ ၂၈ ရက်နေ့နံနက်ပိုင်းတွင် တောင်ကြီးမြို့ရှိ Royal Taunggyi ဟိုတယ်၌ ကျင်းပသည်။



အခမ်းအနားသို့ ဟိုတယ်နှင့်ခရီးသွားလာရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးဖြိုးဇော်စိုး၊ ရှမ်းပြည်နယ်အစိုးရအဖွဲ့ ပြည်နယ်ဝန်ကြီးချုပ် ဦးအောင်အောင်၊ ရှမ်းပြည်နယ်တရားလွှတ်တော်တရားသူကြီးချုပ် ဦးသန်းဦးလွင်နှင့် ရှမ်းပြည်နယ်အစိုးရအဖွဲ့ဝင်ဝန်ကြီးများ၊ တာဝန်ရှိသူများ၊ အရှေ့ပိုင်းတိုင်းစစ်ဌာနချုပ်မှ အရာရှိကြီးများ၊ ဖူးကျင့်နိုင်ငံတကာဘာသာစကား သင်တန်းကျောင်းမှ ကျောင်းအုပ်ကြီး၊ တရုတ်နိုင်ငံ ယူနန်ပြည်နယ် ကူမင်းမြို့ရှိ Yunnan Economics Trade and Foreign Affairs College မှ သင်တန်းနည်းပြဆရာများ၊ တောင်ကြီးမြို့ရှိဟိုတယ်နှင့်ခရီးသွားဆိုင်ရာ အသင်းအဖွဲ့များမှ တာဝန်ရှိသူများနှင့် လုပ်ငန်းရှင်များ၊ သင်တန်းသား၊ သင်တန်းသူများ တက်ရောက်ကြသည်။

ဦးစွာ ရှမ်းပြည်နယ်အစိုးရအဖွဲ့ ပြည်နယ်ဝန်ကြီးချုပ်နှင့် ဒုတိယဝန်ကြီးတို့က အမှာစကားပြောကြားသည်။ ပြည်နယ်ဝန်ကြီးချုပ်နှင့် ဒုတိယဝန်ကြီးတို့က ယူနန်ပြည်နယ်မှ စားဖိုမှူးကြီးများအား အမှတ်တရလက်ဆောင်ပစ္စည်းများကို ပေးအပ်ခဲ့ကြသည်။ အဆိုပါ တရုတ်အစားအစာချက်ပြုတ်နည်းသင်တန်းကို ဖေဖော်ဝါရီလ ၂၈ ရက်မှ မတ်လ ၅ ရက်အထိ ဖွင့်လှစ်သင်ကြားသွားမည်ဖြစ်ရာ သင်တန်းသား၊ သင်တန်းသူ ၄၆ ဦးတက်ရောက်သင်ကြားလျက်ရှိကြောင်းသိရသည်။

## ဒုတိယဝန်ကြီး ဦးဖြိုးဇော်စိုး တရုတ်အစားအစာချက်ပြုတ်နည်းသင်တန်းဖွင့်ပွဲတက်ရောက်

ဟိုတယ်နှင့်ခရီးသွားလာရေးဝန်ကြီးဌာန ဒုတိယဝန်ကြီးဦးဖြိုးဇော်စိုးသည် ဖေဖော်ဝါရီ ၁၉ ရက်နေ့က မန္တလေးမြို့ရှိ ကြင်းတောယန်တရုတ်ဘုံကျောင်း၌ တရုတ်အစားအစာချက်ပြုတ်နည်း သင်တန်းဖွင့်ပွဲသို့ တက်ရောက်သည်။

ဖွင့်ပွဲသို့ မန္တလေးတိုင်းဒေသကြီးစီးပွားရေးရာဝန်ကြီး ဦးသိန်းဌွေး၊ ဟိုတယ်နှင့်ခရီးသွားညွှန်ကြားမှုဦးစီးဌာနမှ တာဝန်ရှိသူများ၊ မြန်မာနိုင်ငံဆိုင်ရာတရုတ်ပြည်သူ့သမ္မတနိုင်ငံ ကောင်စစ်ဝန်ချုပ်ရုံး မန္တလေးမှကောင်စစ်ဝန်ချုပ်နှင့်တာဝန်ရှိသူများ၊ ဖူးကျင့်နိုင်ငံတကာဘာသာစကားသင်တန်းကျောင်းမှ ဒုတိယကျောင်းအုပ်ကြီးနှင့်ဆရာဆရာမများ၊ကြင်းတောယန်တရုတ်ဘုံကျောင်းမှတာဝန်ရှိသူများ၊ တရုတ်ပြည်သူ့သမ္မတနိုင်ငံ ယူနန်ပြည်နယ်၊ ကူမင်းမြို့ရှိ Yunnan Economics Trade and Foreign Affairs Collegeမှ သင်တန်းနည်းပြဆရာများ၊ မန္တလေးမြို့ရှိ ဟိုတယ်နှင့်ခရီးသွားလုပ်ငန်းဆိုင်ရာအသင်းအဖွဲ့များမှ တာဝန်ရှိသူများ၊ သင်တန်းသားသင်တန်းသူများ တက်ရောက်ကြသည်။

သင်တန်းဖွင့်ပွဲတွင် ဒုတိယဝန်ကြီးက အမှာစကားပြောကြားပြီး ဖူးကျင့်နိုင်ငံတကာ ဘာသာစကားသင်တန်းကျောင်းမှ ဒုတိယကျောင်းအုပ်ကြီးက တရုတ်အစားအစာချက်ပြုတ်နည်းသင်တန်း ဖွင့်လှစ်ပို့ချမည့် အခြေအနေကို ရှင်းလင်းတင်ပြသည်။



ထို့နောက် ဒုတိယဝန်ကြီးသည်သင်တန်းသားသင်တန်းသူများအား တရုတ်အစားအစာချက်ပြုတ်နည်း သင်ကြားပို့ချနေမှုကို သွားရောက်ကြည့်ရှုပြီး လိုအပ်သည်များမှာကြားသည်။

ယင်းနောက် မန္တလေးမြို့ရှိ ဟိုတယ်လုပ်ငန်းရှင်များနှင့်ခရီးသွားလုပ်ငန်းရှင်များအား Y Mandalay Hotel ၌ တွေ့ဆုံပြီးခရီးသွားလုပ်ငန်းသည် ကဏ္ဍစုံ၊ နယ်ပယ်စုံနှင့် ဆက်စပ်နေပြီး အားလုံးပူးပေါင်းဆောင်ရွက်ကြရသည့် လုပ်ငန်းတစ်ခုဖြစ်သောကြောင့် ခရီးသွားလုပ်ငန်း ရေရှည်ဖွံ့ဖြိုးတိုးတက်စေရန်ဆောင်ရွက်ရာတွင် အစိုးရ၊ လုပ်ငန်းရှင်နှင့်ပြည်သူများအားလုံး တက်ညီလက်ညီဖြင့် ဝိုင်းဝန်းပူးပေါင်းဆောင်ရွက်ရမည်ဖြစ်ကြောင်း ပြောကြားရာ တက်ရောက်လာကြသူများက သက်ဆိုင်ရာအလိုက် လုပ်ငန်းဆောင်ရွက်နေမှုနှင့်တွေ့ကြုံရသည့် အခက်အခဲများကို ဆွေးနွေးတင်ပြကြရာ ဒုတိယဝန်ကြီးက လိုအပ်သည်များကို ဖြည့်စွက်မှာကြားခဲ့ပါသည်။

## ရုရှားနိုင်ငံသားခရီးသွားဧည့်သည်များအား ဒုတိယဝန်ကြီး ဦးဖြိုးဇော်စိုး တွေ့ဆုံနှုတ်ဆက်



ဟိုတယ်နှင့်ခရီးသွားလာရေးဝန်ကြီးဌာန ဒုတိယဝန်ကြီးဦးဖြိုးဇော်စိုးသည် ဖေဖော်ဝါရီ ၁၉ ရက်နေ့ နံနက်ပိုင်းတွင် မန္တလေးမြို့ရှိ မင်္ဂလာမန္တလေး ဟိုတယ်၌ Radiant Tours ကုမ္ပဏီ၏ စီစဉ်ဆောင်ရွက်မှုဖြင့် မြန်မာနိုင်ငံသို့ လာရောက်လည်ပတ်ရန် ရောက်ရှိနေသည့် ရုရှားနိုင်ငံသားခရီးသွားဧည့်သည် (၃၈) ဦးကို တွေ့ဆုံနှုတ်ဆက်သည်။

ထိုသို့တွေ့ဆုံစဉ် ဒုတိယဝန်ကြီးက ခရီးသွားဧည့်သည်များအနေဖြင့် မိမိနိုင်ငံသို့ပြန်လည်ရောက်ရှိပါက ယခုခရီးစဉ်တွင် ရရှိတွေ့ကြုံခံစားခဲ့ရသည့် အတွေ့အကြုံကောင်းများ၊ မြန်မာနိုင်ငံသားပြည်သူများ၏ ရင်းနှီးနှစ်လိုဖွယ် ဓလေ့စရိုက်များကို မိမိတို့၏ဆွေမျိုးမိတ်ဆွေ အပေါင်းအသင်းများကို ပြန်လည်ဖြန့်ဝေပေးစေလိုကြောင်း၊ ထို့ပြင် ခရီးစဉ်တစ်လျှောက်တွင် မှတ်တမ်းတင်ရိုက်ကူးခဲ့ကြသည့် အမှတ်တရ အတွေ့အကြုံကောင်းများကို မိမိတို့ အသုံးပြုနေကြသည့် လူမှုကွန်ယက်မီဒီယာများတွင် ဖြန့်ဝေပေးခြင်းဖြင့် မြန်မာနိုင်ငံ၏သာယာလှပသည့် တောတောင်ရေမြေသဘာဝအလှအပများ နှင့် တိုင်းရင်းသားလူမျိုးများ၏ ရိုးရာယဉ်ကျေးမှု ထုံးတမ်းအစဉ်အလာများ နှင့် မြန်မာနိုင်ငံခရီးသွားလုပ်ငန်း၏ ကောင်းသတင်းများကို မျှဝေပေးစေလိုကြောင်း ပြောကြားသည်။

ထို့နောက် ရုရှားနိုင်ငံသားခရီးသွားဧည့်သည်များက ယခုခရီးစဉ်တွင် လိုက်ပါလာကြသည့် ရုရှားနိုင်ငံသားများသည် ရုရှားနိုင်ငံ၏ နယ်မြေဒေသ အသီးသီးမှ စုပေါင်းလာရောက်ကြသူများ ဖြစ်သည့်အတွက် မိမိနိုင်ငံသို့ ပြန်လည်ရောက်ရှိပါက မြန်မာနိုင်ငံ၏ ဂုဏ်သတင်းသည် ရုရှားနိုင်ငံတွင်း ခဏအတွင်း ပြန့်နှံ့သွားမည်ဖြစ်ကြောင်း ရှင်းလင်းပြောကြားသည်။

ဆက်လက်၍ ဒုတိယဝန်ကြီးက ရုရှားဘာသာစကားသင်တန်းများကို စဉ်ဆက်မပြတ် ဖွင့်လှစ်သင်ကြားနေမှုအခြေအနေနှင့် ရုရှားနိုင်ငံတွင် အသုံးပြုလျက်ရှိသည့် MIR Card ဖြင့် မြန်မာနိုင်ငံတွင် ငွေကြေးသုံးစွဲမှုများကို လွယ်ကူအဆင်ပြေစွာ ဆောင်ရွက်နိုင်သည့် အခြေအနေများကို ဖြည့်စွက်ပြောကြားပြီး ရုရှားနိုင်ငံသားခရီးသွားဧည့်သည်များကို အမှတ်တရလက်ဆောင်ပစ္စည်းများပေးအပ်ကာ စုပေါင်းမှတ်တမ်းတင်ဓါတ်ပုံရိုက်ကြသည်။

အဆိုပါ ရုရှားနိုင်ငံသားခရီးသွားဧည့်သည်များသည် မြန်မာနိုင်ငံ၏ အထင်ကရ ခရီးစဉ်ဒေသများဖြစ်သည့် မန္တလေး၊ ပြင်ဦးလွင်၊ ပုဂံ၊ ပုပ္ပါး၊ အင်းလေး၊ ပဲခူး၊ ရန်ကုန်ခရီးစဉ်ဒေသများသို့ ၁၀ ရက် အကြာလည်ပတ်သွားမည်ဖြစ်ပါသည်။

## ဟိုတယ်နှင့်ခရီးသွားလာရေးဝန်ကြီးဌာန ဥပဒေအသိပညာ ပြန့်ပွားရေးဆင့်ပွားသင်တန်း ဖွင့်ပွဲအခမ်းအနားကျင်းပ



ဟိုတယ်နှင့်ခရီးသွားလာရေးဝန်ကြီးဌာန၊ ဥပဒေအသိပညာပြန့်ပွားရေး ဆင့်ပွားသင်တန်း ဖွင့်ပွဲအခမ်းအနားကို ဖေဖော်ဝါရီ ၁၁ ရက်နေ့ နံနက်ပိုင်းတွင် ဝန်ကြီးဌာနရှိ ကျောက်စိမ်းခန်းမ၌ကျင်းပရာ ဒုတိယဝန်ကြီး ဦးဖြိုးဇော်စိုး၊ အမြဲတမ်းအတွင်းဝန်၊ ဌာနဆိုင်ရာတာဝန်ရှိသူများ၊ သင်တန်းနည်းပြများနှင့် သင်တန်းသား၊ သင်တန်းသူများ တက်ရောက်ကြသည်။

အခမ်းအနားတွင် ဒုတိယဝန်ကြီးက ဝန်ထမ်းများအနေဖြင့် ဝန်ကြီးဌာနမှ ထုတ်ပြန်ထားရှိသော မြန်မာနိုင်ငံခရီးသွားလုပ်ငန်း ဥပဒေ (၂၀၁၈) နှင့် နည်းဥပဒေ၊ နိုင်ငံ့ဝန်ထမ်းဥပဒေ၊ နည်းဥပဒေများကို အကျွမ်းတဝင်နားလည်မှု ရှိရန် လိုအပ်ကြောင်း၊ ယခုသင်တန်းတွင် ဝန်ထမ်းများသိသင့်သိထိုက်သော

စီးပွားရေး စာချုပ်စာတမ်းစိစစ်ခြင်း၊ ဥပဒေ၊ နည်းဥပဒေ၊ အမိန့်မူကြမ်းများရေးဆွဲခြင်းဆိုင်ရာများကို အသိပညာပေးသွားမည်ဖြစ်ကြောင်း ပြောကြားသည်။

အဆိုပါသင်တန်းသို့ ဝန်ကြီးဌာနရှိဝန်ထမ်းများအားလုံးတက်ရောက်ကြပြီး သုံးရက်တာသင်ကြားပို့ချပေးသွားမည်ဖြစ်ပါသည်။

## ပြင်ဦးလွင်ကျေးလက်ဒေသ စက်ဘီးစီးခရီးစဉ်-၂၀၂၅ ဖွင့်ပွဲ အခမ်းအနားကျင်းပ



မန္တလေးတိုင်းဒေသကြီးအတွင်း ခရီးသွားလုပ်ငန်းများဖွံ့ဖြိုးတိုးတက်ရေးနှင့် ခရီးသွားမြှင့်တင်ရေးလှုပ်ရှားမှုအဖြစ် ဟိုတယ်နှင့်ခရီးသွားလာရေးဝန်ကြီးဌာနနှင့် မန္တလေးတိုင်းဒေသကြီး အစိုးရအဖွဲ့တို့ပူးပေါင်းစီစဉ်ကျင်းပသည့် ပြင်ဦးလွင်ကျေးလက်ဒေသစက်ဘီးစီးခရီးစဉ်-၂၀၂၅ ဖွင့်ပွဲအခမ်းအနားကို ဖေဖော်ဝါရီ ၉ ရက်နေ့နံနက်ပိုင်းက ပြင်ဦးလွင်မြို့ရှိ ခရိုင်ပြည်သူ့အားကစားကွင်း၌ ကျင်းပသည်။

ဖွင့်ပွဲအခမ်းအနားသို့ ဟိုတယ်နှင့်ခရီးသွားလာရေးဝန်ကြီးဌာန ဒုတိယဝန်ကြီးဦးဖြိုးဇော်စိုး၊ မန္တလေးတိုင်းဒေသကြီးအစိုးရအဖွဲ့ လုံခြုံရေးနှင့် နယ်စပ်ရေးရာဝန်ကြီးဗိုလ်မှူးကြီးနေလင်းစိုး၊ မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီဥက္ကဋ္ဌ၊ မြို့တော်ဝန်ဦးကျော်ဆန်း၊ တိုင်းအဆင့်နှင့်ခရိုင်အဆင့်ဌာနဆိုင်ရာများ၊ ဟိုတယ်နှင့်ခရီးသွားဆိုင်ရာ အသင်းအဖွဲ့များမှတာဝန်ရှိသူများ၊ ပြင်ဦးလွင်ကျေးလက်ဒေသစက်ဘီးစီးခရီးစဉ် -၂၀၂၅ တွင် ပါဝင်စီးနင်းကြမည့် စက်ဘီးစီးအားကစားသမားများနှင့် စက်ဘီးစီးဝါသနာရှင်များ တက်ရောက်ကြသည်။

ယင်းနောက်ဒုတိယဝန်ကြီးက စက်ဘီးစီးအားကစားသမားများအား သေနတ်ပစ်ဖောက်၍ စတင်တာလွှတ်ပေးပြီး ပွဲကောက်ရေတံခွန် အပန်းဖြေစခန်းသို့ ပန်းဝင်ရောက်ရှိလာကြသည့် စက်ဘီးစီးအားကစားသမားများအားကြိုဆို၍ အမှတ်တရ လည်ဆွဲတံဆိပ်များနှင့် ပူးပေါင်းပါဝင် ဆောင်ရွက်သူများကို ဂုဏ်ပြုမှတ်တမ်းလွှာများ ပေးအပ်ချီးမြှင့်သည်။

ထို့နောက် ပွဲကောက်ရေတံခွန်အပန်းဖြေစခန်းအတွင်း ခရီးသွားဧည့်သည်များ အပန်းဖြေလှေ့လာနိုင်ရန် စီစဉ်ဆောင်ရွက်ထားသည့် အခြေအနေများကို လှည့်လည်ကြည့်ရှုသည်။

မွန်းလွဲပိုင်းတွင် ဒုတိယဝန်ကြီးသည် မန္တလေးမြို့ရှိ ပြည်တွင်းပြည်ပခရီးသွားဧည့်သည်များအား ခရီးစဉ်ဒေသဆိုင်ရာအချက်အလက်များကို အလွယ်တကူသိရှိနိုင်ရန် ဟိုတယ်နှင့်ခရီးသွားလာရေးဝန်ကြီးဌာနမှ ၆၈ လမ်းတွင် ဖွင့်လှစ်ထားသည့် သတင်းနှင့်ပြန်ကြားရေးကောင်တာ၊ နိုင်ငံပိုင်ဟိုတယ်များဖြစ်သည့် မန္တလေးစွမ်းဟိုတယ်နှင့် ထွန်းလှဟိုတယ်လုပ်ငန်း လည်ပတ်နေမှုနှင့် ခရီးသည်တည်းခိုမှုအခြေအနေများကို ကြည့်ရှုစစ်ဆေးပြီး လိုအပ်သည်များမှာကြားသည်။

ဖေဖော်ဝါရီ ၁၀ ရက်နေ့နံနက်ပိုင်းတွင် ဒုတိယဝန်ကြီးသည် ဟိုတယ်နှင့်ခရီးသွားညွှန်ကြားမှုဦးစီးဌာန မန္တလေးရုံးခွဲသို့သွားရောက်ပြီး ရုံးခွဲတွင် တာဝန် ထမ်းဆောင်နေကြသော အရာထမ်း၊ အမှုထမ်းများအား တွေ့ဆုံ၍ လိုအပ်သည်များမှာကြားပြီး ဝန်ထမ်းများ၏ တင်ပြချက်များအပေါ် လိုအပ်သည်များ ပေါင်းစပ်ဖြည့်ဆည်းဆောင်ရွက်ပေးခဲ့ပါသည်။

## ဒုတိယဝန်ကြီး ဦးဖြိုးဇော်စိုး ပြင်ဦးလွင်ဒေသခရီးသွားလုပ်ငန်း ဖွံ့ဖြိုးတိုးတက်ရေး ကွင်းဆင်းဆောင်ရွက်




ဟိုတယ်နှင့်ခရီးသွားလာရေးဝန်ကြီးဌာန ဒုတိယဝန်ကြီးဦးဖြိုးဇော်စိုး သည် ဖေဖော်ဝါရီ ၈ ရက်နေ့မွန်းလွဲပိုင်းက ခရီးစဉ်ဒေသစီမံခန့်ခွဲရေး အဖွဲ့ဝင်များကို ပြင်ဦးလွင်မြို့ ရွှေစံအိမ်ဟိုတယ်၌ တွေ့ဆုံသည်။

တွေ့ဆုံပွဲတွင် ဒုတိယဝန်ကြီးက ဟိုတယ်နှင့်ခရီးသွားလုပ်ငန်းများ ဆောင်ရွက်ရာတွင် လုပ်ငန်းရှင်များ တွေ့ကြုံနေရသည့် အခက်အခဲများကို ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်ပေးနိုင်ရန် ရည်ရွယ်၍ ယခုကဲ့သို့တွေ့ဆုံဆွေးနွေးခြင်းဖြစ်ပါကြောင်း၊ မြန်မာနိုင်ငံ၏ ခရီးသွားလုပ်ငန်းများ စနစ်တကျဖြင့် ရေရှည်ဖွံ့ဖြိုးတိုးတက်စေရေး၊ ခရီးသွားကဏ္ဍလူ့စွမ်းအား အရင်းအမြစ်များ ဖွံ့ဖြိုးတိုးတက်စေရေး၊ အရည်အသွေးပြည့်ဝသည့် ဝန်ဆောင်မှုကောင်းများ ပေးစွမ်းနိုင်ရေးနှင့် ခရီးသွားလုပ်ငန်းမှတဆင့် ဒေသခံများအလုပ်အကိုင်အခွင့်အလမ်းများရရှိပြီး လူမှုစီးပွားဘဝဖွံ့ဖြိုး တိုးတက်စေရေးတို့ကို ဆောင်ရွက်ရာတွင် အစိုးရ-ပုဂ္ဂလိက-ဒေသခံပြည်သူ (public -private-people) မဏ္ဍိုင်(၃)ရပ် ဟန်ချက်ညီညီ ပူးပေါင်းဆောင်ရွက်ရမည် ဖြစ်ပါကြောင်းပြောကြားသည်။

ယင်းနောက် ဒုတိယဝန်ကြီးသည် ဟိုတယ်နှင့်ခရီးသွားညွှန်ကြားမှု ဦးစီးဌာန ပြင်ဦးလွင်ရုံးခွဲသို့သွားရောက်ကာ ရုံးခွဲတာဝန်ထမ်းဆောင်နေကြသည့် အရာထမ်း၊ အမှုထမ်းများအား တွေ့ဆုံမှာကြားပြီး ခရီးသွားဧည့်သည်များ ခရီးသွားဆွဲဆောင်ရာနေရာများနှင့်ခရီးစဉ်ဒေသဆိုင်ရာ အချက်အလက်များကို အဆင်ပြေလွယ်ကူချောမွေ့စွာရရှိနိုင်ရန်အတွက် ပြင်ဦးလွင်ရုံးခွဲတွင် ဖွင့်လှစ်ထားသည့် သတင်းအချက်အလက်ပြန်ကြားရေးကောင်တာ (Information Counter) အား ကြည့်ရှုစစ်ဆေး၍ လိုအပ်သည်များမှာကြားခဲ့ပါသည်။

## လုပ်ငန်းလိုင်စင် (၄)မျိုး ခွင့်ပြုပေးထားမှု၊ ဟိုတယ်၊ တည်းခိုရိပ်သာများဖွင့်လှစ်ထားမှု၊ ပြည်ပဧည့်သည်လာရောက်မှုများ

ဝန်ကြီးဌာနအနေဖြင့် လိုင်စင်ရခရီးသွားကုမ္ပဏီများ၏ စီစဉ်မှုဖြင့် လာရောက်သော ကမ္ဘာလှည့်ခရီးသည်များအား ခရီးစဉ်အဆင်ပြေချောမွေ့စေရေးအတွက် ဆက်စပ်ဌာနများနှင့်ညှိနှိုင်းဆောင်ရွက်ပေးလျက်ရှိရာ ၂၄-၅-၂၀၂၂ ရက်နေ့မှ ၃၀-၄-၂၀၂၅ ရက်နေ့အထိ ကမ္ဘာလှည့်ခရီးသည်ပေါင်း (၂၆၃၂၄)ဦး၏ ခရီးစဉ်များအား ညှိနှိုင်းဆောင်ရွက်ပေးခဲ့ပါသည်။ ခရီးသွားလုပ်ငန်းဖွံ့ဖြိုးတိုးတက်မှု

အခြေအနေများကို အောက်ပါအတိုင်းဖော်ပြအပ်ပါသည်-

**ဟိုတယ်နှင့်ခရီးသွားလုပ်ငန်းလိုင်စင် (၄)မျိုး ခွင့်ပြုပေးထားမှုစာရင်း**

| စဉ် | လိုင်စင်အမျိုးအစား | (၃၁-၃-၂၀၂၅) ရက်နေ့ထိ အရေအတွက် |
|---|---|---|
| ၁ | ဟိုတယ်လုပ်ငန်း | ၁၇၆၉ (လုံး) |
| | | ၈၈၀၃၅ (ခန်း) |
| ၂ | တည်းခိုရိပ်သာလုပ်ငန်း | ၆၉၆ (လုံး) |
| | | ၁၃၉၈၉(ခန်း) |
| | စုစုပေါင်း(ဟိုတယ်+တည်းခိုရိပ်သာ) | ၂၄၆၅ (လုံး) |
| | | ၁၀၂၀၂၄ (ခန်း) |
| ၃ | ခရီးလှည့်လည်ရေးလုပ်ငန်း | |
| | (က) ပြည်တွင်း/ပြည်ဝင် | ၂၈၆၃ (ခု) |
| | (ခ ) ပြည်ပ | ၉၉၆ (ခု) |
| ၄ | ဧည့်လမ်းညွှန်လုပ်ငန်း | ၅၈၁၆ (ခု) |
| | (က)ဧည့်လမ်းညွှန် | ၃၇၅၉ (ခု) |
| | (ခ ) ဒေသဆိုင်ရာဧည့်လမ်းညွှန် | ၂၀၅၇ (ခု) |

**လူဝင်မှုကြီးကြပ်ရေးနှင့်ပြည်သူ့အင်အားဝန်ကြီးဌာနမှ ပေးပို့သောစာရင်းများအရ မြန်မာနိုင်ငံသို့ ပြည်ပဧည့်သည်လာရောက်မှုစာရင်း**

| စဉ် | အကြောင်းအရာ | ၂၀၂၄ မတ်လ | ၂၀၂၅ မတ်လ | တိုးတက်မှု | ရာခိုင်နှုန်း |
|---|---|---|---|---|---|
| ၁။ | လေကြောင်းဖြင့်ဝင်ရောက်သူများ | ၇၃၅၅၇ | ၈၄၂၈၆ | ၁၀၇၂၉ | (+) ၁၅% |
| ၂။ | သင်္ဘောဖြင့်ဝင်ရောက်သူများ | ၁၆၇ | ၁၂၇ | -၄၀ | (-) ၂၄% |
| ၃။ | အတွင်းပိုင်းထိဝင်ရောက်သူများ | ၃၂၈ | ၃၉၃ | ၆၅ | (+) ၂၀% |
| **ဗီဇာဖြင့်ဝင်ရောက်သူပေါင်း** | | **၇၄၀၅၂** | **၈၄၈၀၆** | **၁၀၇၅၄** | (+) ၁၅% |
| | နယ်စပ်တွင်ဝင်ရောက်သူများ (EP,BP,TBP) | ၂၇၆၀၂၉ | ၁၈၃၅၇၇ | -၉၂၄၅၂ | (-) ၃၃% |
| | **စုစုပေါင်း** | **၃၅၀၀၈၁** | **၂၆၈၃၈၃** | **- ၈၁၆၉၈** | (-) ၂၃% |

၃၁-၃-၂၀၂၅ ရက်နေ့အထိ Enchanting Myanmar Health and Safety Protocol Website တွင် ဝင်ရောက်လျှောက်ထားသည့် ဟိုတယ်(၅၆၈)လုံးရှိပြီး ယာယီအသိအမှတ်ပြု လက်မှတ်ထုတ်ပေးပြီး ဟိုတယ်(၅၂၁)လုံးရှိပါသည်။ ယာယီခွင့်ပြု ဟိုတယ်(၅၂၁)လုံး အနက် (၄၈၆)လုံးကို သက်ဆိုင်ရာ တိုင်းဒေသကြီး/ ပြည်နယ် မြေပြင်ကွင်းဆင်းစစ်ဆေးရေးအဖွဲ့များမှ မြေပြင်ကွင်းဆင်းစစ်ဆေးခဲ့ပြီး ထောက်ခံတင်ပြလာခြင်းအပေါ် အသိအမှတ်ပြုလက်မှတ်ထုတ်ပေးရေးအဖွဲ့ဝင်များ၏ သဘောတူညီချက်ဖြင့် နိုင်ငံ အဆင့်အသိအမှတ်ပြု HSP Plaque များလည်းပေးအပ်ခဲ့ပြီး မြန်မာနိုင်ငံခရီးသွားလုပ်ငန်း ပြန်လည်ဦးမော့လာစေရေးအတွက် ခရီးသွားလုပ်ငန်းများ ပြန်လည်ဖွင့်လှစ်ဆောင်ရွက်ရာတွင် ကျန်းမာရေးနှင့်ဘေးအန္တရာယ်ကင်းရှင်းရေး၊ ယုံကြည်စိတ်ချရသည့် ခရီးသွားဝန်ဆောင်မှုများဖြစ်ပေါ်လာစေရေး HSP Website: www.//hsp.tourism.gov.mm သို့ ဝင်ရောက်လေ့လာပြီး လျှောက်ထားရယူနိုင်ပါရန် ဖိတ်ခေါ်ခဲ့ပါသည်။ တိုင်းဒေသကြီး/ပြည်နယ်အဆင့် HSP ယာယီ အသိအမှတ်ပြုလက်မှတ် ထုတ်ပေးထားမှုနှင့် နိုင်ငံအဆင့် HSP Plaque ထုတ်ပေးထားမှုကိုဖော်ပြပါသည်။

**တိုင်းဒေသကြီး/ပြည်နယ်အလိုက် ဒေသအဆင့် (Regional Level) အသိအမှတ်ပြုလက်မှတ်ထုတ်ပေးပြီးစီးသည့် လုပ်ငန်းများစာရင်း**

| စဉ် | တိုင်းဒေသကြီး/ ပြည်နယ် | ရှိရင်းအလုံး အရေအတွက် | အသိအမှတ်ပြုလက်မှတ် ရရှိသည့်အရေအတွက် |
|---|---|---|---|
| ၁ | နေပြည်တော်ပြည်ထောင်စုနယ်မြေ | ၁၀၂ | ၁၀၂ |
| ၂ | ရန်ကုန်တိုင်းဒေသကြီး | ၄၉၈ | ၂၆၀ |
| ၃ | မန္တလေးတိုင်းဒေသကြီး | ၆၀၃ | ၄၄၄ |
| ၄ | ပဲခူးတိုင်းဒေသကြီး | ၁၀၄ | ၉၆ |
| ၅ | စစ်ကိုင်းတိုင်းဒေသကြီး | ၆၅ | ၅၅ |
| ၆ | တနင်္သာရီတိုင်းဒေသကြီး | ၆၂ | ၅၂ |
| ၇ | ဧရာဝတီတိုင်းဒေသကြီး | ၁၂၅ | ၁၀၅ |
| ၈ | မကွေးတိုင်းဒေသကြီး | ၆၀ | ၆၀ |
| ၉ | ကချင်ပြည်နယ် | ၉၁ | ၄၆ |
| ၁၀ | ကယားပြည်နယ် | ၃၃ | ၃၃ |
| ၁၁ | ကရင်ပြည်နယ် | ၆၂ | ၆၀ |
| ၁၂ | ချင်းပြည်နယ် | ၁၃ | ၁၀ |
| ၁၃ | မွန်ပြည်နယ် | ၉၂ | ၈၃ |
| ၁၄ | ရခိုင်ပြည်နယ် | ၁၀၃ | ၉၁ |
| ၁၅ | ရှမ်းပြည်နယ် | ၄၅၂ | ၃၈၈ |
| | **စုစုပေါင်း** | | **၂၄၆၅** |

**HSP Website တွင်National Level အသိအမှတ်ပြုလက်မှတ်လျှောက်ထားလာသည့် ဟိုတယ်နှင့်တည်းခိုရိပ်သာများစာရင်းနှင့်စပ်လျဉ်း၍ ဆောင်ရွက်ထားရှိမှု အခြေအနေ**

| စဉ် | နေပြည်တော် တိုင်းဒေသကြီး/ ပြည်နယ် | လျှောက်ထားလာမှု | Website တွင် Online မှ ယာယီအသိအမှတ်ပြုလက်မှတ်ထုတ်ပေးထားမှု | Online Approve များ အနက် Plaque ထုတ်ပေးထားမှု | Online Approve များ အနက် Plaque မရရှိသေးသည့် ဟိုတယ်/ တည်းခိုရိပ်သာများ | ဆောင်ရွက်ဆဲ ဟိုတယ်/ တည်းခိုရိပ်သာများ | နေပြည်တော်ကောင်စီ၊ တိုင်းဒေသကြီး/ပြည်နယ်များရှိ လိုင်စင်ရ ဟိုတယ်/ တည်းခိုရိပ်သာများ စာရင်း | လျှောက်ထားမှုရာခိုင်နှုန်း (%) |
|---|---|---|---|---|---|---|---|---|
| ၁ | နေပြည်တော် | **၅၈** | ၅၁ | ၅၀ | ၁ | ၇ | ၁၀၂ | **၅၇** |
| ၂ | မန္တလေး | **၃** | ၃ | - | ၃ | - | ၉၁ | **၃** |
| ၃ | ရန်ကုန် | - | - | - | - | - | ၃၃ | - |
| ၄ | ပဲခူး | **၄၅** | ၄၅ | ၄၂ | ၃ | - | ၆၂ | **၇၅** |
| ၅ | စစ်ကိုင်း | - | - | - | - | - | ၁၃ | - |
| ၆ | တနင်္သာရီ | **၂၄** | ၂၂ | ၂၂ | - | ၂ | ၆၅ | **၃၇** |
| ၇ | ဧရာဝတီ | **၂၆** | ၂၅ | ၂၃ | ၂ | ၁ | ၆၂ | **၄၁** |
| ၈ | မကွေး | **၁၁** | ၉ | ၉ | - | ၂ | ၁၀၄ | **၁၁** |
| ၉ | ကချင် | **၁၈** | ၁၈ | ၁၈ | - | - | ၆၀ | **၃၀** |
| ၁၀ | ကယား | **၅၉** | ၄၅ | ၃၇ | ၈ | ၁၄ | ၆၀၃ | **၁၀** |
| ၁၁ | ကရင် | **၃၆** | ၃၄ | ၂၉ | ၅ | ၃ | ၉၂ | **၄၀** |
| ၁၂ | ချင်း | ၀ | ၀ | ၀ | ၀ | ၀ | ၁၃ | ၀ |
| ၁၃ | ရခိုင် | ၁၅ | ၁၄ | ၁၂ | ၂ | ၁ | ၁၀၂ | ၁၅ |
| ၁၄ | ရှမ်း | ၁၇၅ | ၁၆၂ | ၁၅၄ | ၈ | ၁၂ | ၄၅၂ | ၃၉ |
| ၁၅ | မွန် | ၃၆ | ၃၄ | ၂၉ | ၅ | ၃ | ၉၁ | ၄၀ |
| | **စုစုပေါင်း** | **၅၆၈** | **၅၂၁** | **၄၈၆** | **၃၅** | **၄၇** | **၂၄၅၄** | **၂၃** |

## လူ့စွမ်းအားအရင်းအမြစ် ဖွံ့ဖြိုးတိုးတက်ရေးအတွက် အကောင်အထည်ဖော် ဆောင်ရွက်နေမှုများ

**ဟိုတယ်ဝန်ဆောင်မှုသင်တန်းများ**

ဟိုတယ်နှင့်ခရီးသွားလာရေးဝန်ကြီးဌာနအနေဖြင့် မြန်မာနိုင်ငံအတွင်း အလုပ်အကိုင်အခွင့်အလမ်းနှင့် လူ့စွမ်းအားအရင်းအမြစ်များ ပိုမိုဖွံ့ဖြိုးတိုးတက်လာစေရေး၊ ပြည်တွင်းပြည်ပဧည့်သည်များအား ဟိုတယ်များမှ ကောင်းမွန်သောဝန်ဆောင်မှုများ ပေးအပ်နိုင်ရေးတို့အတွက် ရည်ရွယ်၍ ဟိုတယ်ဆိုင်ရာဝန်ဆောင်မှု သင်တန်း(၂)မျိုးကို မန္တလေးမြို့နှင့် ပြင်ဦးလွင်မြို့တို့တွင်စုစုပေါင်း သင်တန်း (၂) ကြိမ်ကို သင်တန်းသား (၁၆၉) ဦးဖြင့် ဖွင့်လှစ်ခဲ့ပါသည်။

**ပူးပေါင်းဆောင်ရွက်မှုအစီအစဉ်ဖြင့်ဖွင့်လှစ်သည့်သင်တန်းများ**

တရုတ်ပြည်သူ့သမ္မတနိုင်ငံ၊ ယူနန်ပြည်နယ်၊ ကူမင်းမြို့၊ Yunnan Econo- mics Trade and Foreign Affairs College နှင့် ဖူးကျင့်နိုင်ငံတကာဘာသာစကားသင်တန်းကျောင်း၊ မြန်မာ-တရုတ် ချစ်ကြည်ရေးအသင်း (မန္တလေး)တို့နှင့်ပူးပေါင်း၍ ၂၀၂၅ ခုနှစ်တွင် ပြည့်မြောက်မည့် မြန်မာ-တရုတ်သံတမန်ထူထောင်ခြင်း (၇၅)နှစ်မြောက် အထိမ်းအမှတ်အဖြစ် တရုတ်အစားအစာ ချက်ပြုတ်နည်း သင်တန်းများကို နေပြည်တော်၊ မန္တလေး၊ ရန်ကုန်နှင့် တောင်ကြီးမြို့များတွင် သင်တန်း(၄)ကြိမ်၊ သင်တန်းသား (၁၈၉) ဦးဖြင့် ဖွင့်လှစ်ပို့ချပေးနိုင်ခဲ့ပါသည်။

ဟိုတယ်ဆိုင်ရာလျှပ်စစ်နှင့် လေအေးပေးစက်တပ်ဆင်ပြုပြင် ထိန်းသိမ်းခြင်း (M&E)သင်တန်း ကို မုံရွာမြို့တွင် သင်တန်း (၁) ကြိမ်၊ သင်တန်းသား (၂၆)ဦးဖြင့် ဖွင့်လှစ်နိုင်ခဲ့ပါသည်။

**နိုင်ငံအဆင့် အာဆီယံ သင်ကြားရေးဆရာဖြစ်သင်တန်း (ASEAN National Trainer) နှင့် အာဆီယံ အဆင့် ကျွမ်းကျင်မှုစစ်ဆေးအကဲဖြတ်မှုသင်တန်း (ASEAN National Assessor)**

၂၀၂၅ ခုနှစ်၊ ဖေဖော်ဝါရီလမှ ဧပြီလအထိ နိုင်ငံအဆင့်အာဆီယံ သင်ကြားရေးဆရာဖြစ် သင်တန်း (ASEAN National Trainer)သင်တန်း(၄)ကြိမ်၊ သင်တန်းသား(၇၉)ဦးဖြင့် လည်းကောင်း၊ အာဆီယံအဆင့် ကျွမ်းကျင်မှုစစ်ဆေးအကဲဖြတ်မှုသင်တန်း (ASEAN National Assessor) သင်တန်း (၂) ကြိမ်၊ သင်တန်းသား (၃၀) ဦးဖြင့် လည်းကောင်း ၊ စုစုပေါင်း သင်တန်း (၆) ကြိမ် သင်တန်းသား (၁၀၉) ဦးဖြင့် ဖွင့်လှစ်ပို့ချပေးနိုင်ခဲ့ပါသည်။

## ခရီးသွားမြှင့်တင်ရေးအတွက် ဆောင်ရွက်လျက်ရှိသော အစီအစဉ်များ

**ရေရှည်တည်တံ့သော ခရီးသွားလုပ်ငန်းအလေ့အကျင့်ကောင်းများ မျှဝေခြင်းဆိုင်ရာအလုပ်ရုံ ဆွေးနွေးပွဲ" သို့ပါဝင်တက်ရောက်ခြင်း**




အာဆီယံ-ဂျပန်စင်တာ (ASEAN-Japan Centre -AJC) မှကြီးမှူး၍ ဂျပန်နိုင်ငံ တိုကျိုမြို့နှင့် အိုဇူမြို့တို့၌ ၄-၃-၂၀၂၅ ရက်နေ့မှ ၉-၃-၂၀၂၅ ရက်နေ့အထိ ကျင်းပပြုလုပ်ခဲ့သည့် "ရေရှည်တည်တံ့သောခရီးသွားလုပ်ငန်းအလေ့အကျင့်ကောင်းများမျှဝေခြင်းဆိုင်ရာအလုပ်ရုံဆွေးနွေးပွဲ" သို့ ဟိုတယ်နှင့်ခရီးသွားညွှန်ကြားမှုဦးစီးဌာနမှ ဒုတိယညွှန်ကြားရေးမှူး ဒေါ်သီတာအေး ပါဝင်တက်ရောက်ခဲ့ပါသည်။

## နိုင်ငံတကာနှင့်ဒေသတွင်းပူးပေါင်းဆောင်ရွက်မှုအစီအစဉ်များ

**မဟာမဲခေါင်ဒေသခွဲခရီးသွားလုပ်ငန်းပူးပေါင်းဆောင်ရွက်ခြင်း**




အာဆီယံ-ဂျပန်ဗဟိုဌာန၏ အထောက်အပံ့ဖြင့် ဤဝန်ကြီးဌာနမှ ကြီးမှူး၍ခရီးသွားလုပ်ငန်းဆိုင်ရာ အသိုက်အဝန်းတွင် အမျိုးသမီးများ၏ ဒစ်ဂျစ်တယ်စွမ်းရည် တိုးတက်မြင့်မားစေရေး သင်တန်း (Enhancing Digital Skills for Women in Tourism Communications in Myanmar) ကို (၂၄-၂-၂၀၂၅) ရက်နေ့မှ (၂၅-၂-၂၀၂၅) ရက်နေ့အထိ ပုဂံမြို့ရှိ ACACIA Hotel တွင် သင်တန်းသား(၂၀) ဦးဖြင့် ဖွင့်လှစ်ခဲ့ပါသည်။

**သီရိလင်္ကာနိုင်ငံ၊ ကိုလံဘိုမြို့တွင် ၁၈-၃-၂၀၂၅ ရက်နေ့မှ ၁၉-၃-၂၀၂၅ ရက်နေ့အထိ ကျင်းပပြုလုပ်ခဲ့သည့် တတိယအကြိမ် ဘင်းမ်စတက် ခရီးသွားလုပ်ငန်းအဖွဲ့အစည်းအဝေးသို့ မြန်မာကိုယ်စားလှယ်အဖွဲ့ ပါဝင်တက်ရောက်**

သီရိလင်္ကာနိုင်ငံ၊ ကိုလံဘိုမြို့၌ ၁၈-၃-၂၀၂၅ ရက်နေ့တွင် တတိယအကြိမ်ဘင်းမ်စတက် ခရီးသွားလုပ်ငန်းအဖွဲ့အစည်းအဝေးကို သီရိလင်္ကာနိုင်ငံက အိမ်ရှင်အဖြစ် လက်ခံကျင်းပပြုလုပ်ခဲ့ရာ အစည်းအဝေးသို့ ဘင်္ဂလားဒေ့ရှ်နိုင်ငံ၊ ဘူတန်နိုင်ငံ၊ အိန္ဒိယနိုင်ငံ၊ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံ၊ နီပေါနိုင်ငံ၊ သီရိလင်္ကာနိုင်ငံနှင့် ထိုင်းနိုင်ငံတို့မှ ကိုယ်စားလှယ်များ ပါဝင်တက်ရောက်ခဲ့ကြပါသည်။



အဆိုပါအစည်းအဝေးသို့ မြန်မာနိုင်ငံမှ ဟိုတယ်နှင့်ခရီးသွားလာရေး ဝန်ကြီးဌာန၊ ဟိုတယ်နှင့်ခရီးသွားညွှန်ကြားမှုဦးစီးဌာနမှ ညွှန်ကြားရေးမှူး ဒေါ်ခိုင်မီမီထွန်း ဦးဆောင်သော မြန်မာကိုယ်စားလှယ်အဖွဲ့ ပါဝင်တက်ရောက်ခဲ့ပြီး ၁၉-၃-၂၀၂၅ ရက်နေ့တွင် အစည်းအဝေးသို့ တက်ရောက်လာသော ကိုယ်စားလှယ်များအား လိုက်ပါပို့ဆောင်သည့် ကိုလံဘိုမြို့အတွင်း လေ့လာရေးခရီးစဉ်အား ပါဝင်တက်ရောက်ခဲ့ကြပါသည်။

## တိုင်းဒေသကြီး/ ပြည်နယ်များအတွင်း ဟိုတယ်နှင့်ခရီးသွားလုပ်ငန်းဆိုင်ရာဆောင်ရွက်မှုမှတ်တမ်း

### ကရင်ပြည်နယ်

**ကရင်ပြည်နယ်ဒေသဆိုင်ရာ ခရီးသွားလုပ်ငန်းကော်မတီ (၁/၂၀၂၅) ကြိမ်မြောက်အစည်းအဝေး**



ကရင်ပြည်နယ်ဒေသဆိုင်ရာ ခရီးသွားလုပ်ငန်းကော်မတီ ၁/၂၀၂၅ ကြိမ်မြောက် အစည်းအဝေးကို၂၃-၁-၂၀၂၅ ရက်နေ့တွင် ကရင်ပြည်နယ်အစိုးရအဖွဲ့ရုံး၊ အစည်းအဝေးခန်းမ(၃)၌ ကျင်းပပြုလုပ်ခဲ့ရာ ကရင်ပြည်နယ်ဒေသဆိုင်ရာ ခရီးသွားလုပ်ငန်းကော်မတီဥက္ကဋ္ဌ၊ ကရင်ပြည်နယ်ဝန်ကြီးချုပ် သီရိပျံချီ ဦးစောမြင့်ဦးမှ အမျိုးသားခရီးသွားဖွံ့ဖြိုးတိုးတက်ရေး ဗဟိုကော်မတီဥက္ကဋ္ဌနှင့်ကျင်းပပြုလုပ်ခဲ့သည့် အစည်းအဝေးတွင်ခရီးစဉ်ဒေသများ သန့်ရှင်းသာယာမှုရှိစေရေး၊ ရေရှည်တည်တံ့ခိုင်မြဲစေရေး၊ လုံခြုံစိတ်ချမှုရှိစေရေးနှင့် စိမ်းလန်းစိုပြေနေစေရေး၊ ခရီးစဉ်ဒေသသစ်များထပ်မံဖော်ထုတ်နိုင်စေရေး တို့ကို ဆွေးနွေးခဲ့ကြကြောင်း၊ ခရီးသွားဧည့်သည်များ သွားလာလည်ပတ်ရာတွင် GLIS စနစ်နှင့်ပတ်သတ်၍ လူဝင်မှုကြီးကြပ်ရေးနှင့်ပြည်သူ့အင်အား ဦးစီးဌာနသို့ Form C များတိုင်ကြားရန်နှင့် အချို့ဌာနများသို့ ဧည့်စာရင်း တိုင်ကြားရန် ပေးပို့ရသည့် အရေအတွက်များပြားလည်းရှိကြောင်း၊ လျှပ်စစ်မီးပုံမှန်မရရှိသည့်အတွက် ဟိုတယ်များအနေဖြင့် မီးစက်များမောင်းနှင်ရသည့် ကိစ္စရပ်များလည်း ဆွေးနွေးခဲ့ကြောင်း၊ အမျိုးသားခရီးသွားဖွံ့ဖြိုးတိုးတက်ရေး ဗဟိုကော်မတီဥက္ကဋ္ဌ၏ လမ်းညွှန်ချက်ဖြစ်သည့် ဟိုတယ်များရှိ ဝန်ထမ်း များအား Mask တပ်ဆင်စေရေးနှင့် Mask တပ်သည့် အလေ့အကျင့်ဖြစ်စေလိုကြောင်း၊ ခရီးသွားဧည့်သည်များသည် ကိုယ်ပိုင်ယာဉ်များသာမက အိုးဝေများဖြင့်လည်းလာရောက်လည်ပတ်ကြသည့်အတွက် ယာဉ်မောင်းများအနေ ဖြင့် သန့်ရှင်းသပ်ရပ်မှုရှိစေရေး၊ ခရီးစဉ်ဒေသများအား အဆင့်မြင့်တင်ဆောင်ရွက်ရာတွင်လည်းရှိရင်းစွဲ ၊ တောင်ခြေနှင့်နီးကပ်လျက်ရှိသော ဟိုတယ်များ သည် မီးတားလမ်းများ ပြုလုပ်၍ မီးဘေးအန္တရာယ်ကြိုတင် ကာကွယ်ထားရှိကြရန် လိုအပ်ကြောင်းတို့ကို တိုက်တွန်းပြောကြားခဲ့ပါသည်။

### စစ်ကိုင်းတိုင်းဒေသကြီး

**စစ်ကိုင်းတိုင်းဒေသကြီးဒေသဆိုင်ရာ ခရီးသွားလုပ်ငန်းကော်မတီ (၁/၂၀၂၅) ကြိမ်မြောက် အစည်းအဝေး**



စစ်ကိုင်းတိုင်းဒေသကြီး ဒေသဆိုင်ရာခရီးသွားလုပ်ငန်းကော်မတီ (၁/၂၀၂၅) အစည်းအဝေးကို ဇန်နဝါရီလ ၁၀ ရက်၊ နံနက်ပိုင်းက တိုင်းဒေသကြီးအစိုးရအဖွဲ့ရုံးအစည်းအဝေးခန်းမတွင် ကျင်းပရာ အစည်းအဝေးသို့ ဒေသဆိုင်ရာ ခရီးသွားလုပ်ငန်းကော်မတီဥက္ကဋ္ဌ၊ တိုင်းဒေသကြီးဝန်ကြီးချုပ် ဦးမြတ်ကျော်၊ ဒုတိယဥက္ကဋ္ဌ၊ တိုင်းဒေသကြီးစီးပွားရေးရာဝန်ကြီး ဒေါ်ရီရီသန်း၊ တိုင်းဒေသကြီးခရီးသွားလုပ်ငန်းကော်မတီ အတွင်းရေးမှူးနှင့်အဖွဲ့ဝင်များ၊ ဟိုတယ်/ တည်းခိုရိပ်သာလုပ်ငန်းရှင်များနှင့် တာဝန်ရှိသူများ တက်ရောက်ကြသည်။

### မကွေးတိုင်းဒေသကြီး

**မကွေးတိုင်းဒေသကြီး ဒေသဆိုင်ရာခရီးသွားလုပ်ငန်းကော်မတီ (၂/၂၀၂၅) အစည်းအဝေးကျင်းပ**

မကွေးတိုင်းဒေသကြီး ဒေသဆိုင်ရာခရီးသွားလုပ်ငန်းကော်မတီ (၂/၂၀၂၅) ကြိမ်မြောက် အစည်းအဝေးကို ၃၀-၄-၂၀၂၄ရက်နေ့ မွန်းလွဲပိုင်းတွင် မကွေးတိုင်းဒေသကြီးအစိုးရအဖွဲ့ အစည်းအဝေးခန်းမ၌ ကျင်းပရာ ကော်မတီဥက္ကဋ္ဌ တိုင်းဒေသကြီးဝန်ကြီးချုပ် ဦးတင့်လွင်မှ တက်ရောက်အမှာစကားပြောကြားရာခရီးသွားလုပ်ငန်းဖွံ့ဖြိုး တိုးတက်ရေးအတွက် လုပ်ငန်းများပုံမှန်လည်ပတ်၍ စီးပွားရေးကောင်းမွန်အောင် တီထွင်ကြံဆ၍ စဉ်းစားဖော်ထုတ်ဆောင်ရွက်ရမှာ ဖြစ်ပါကြောင်း၊ မတ်လ(၂၈)ရက်နေ့မှာ လှုပ်ခတ်ခဲ့တဲ့ ငလျင်ကြောင့် ထိခိုက်မှုများအတွက် မကွေးတိုင်းဒေသကြီးအစိုးရအဖွဲ့မှ အလှူငွေနှင့်ပစ္စည်းများလှူဒါန်းပေးပို့ခဲ့ပါကြောင်း၊ နေပြည်တော်သို့ နေ့စဉ်လူဦးရေ (၁၀၀၀) စာ အစားအစာများ လှူဒါန်းမှုမှာ တစ်လတိတိရှိပြီဖြစ်ပါကြောင်း၊ ရှေ့ဆက်လှူဒါန်းနိုင်ရန် အတွက်လည်း မိမိနှင့်နီးစပ်သူများအား စည်းရုံးဆောင်ရွက်သွားစေလိုကြောင်းနှင့် မကွေးတိုင်းဒေသကြီး ခရီးသွားလုပ်ငန်းဖွံ့ဖြိုးတိုးတက်ရေး အကြံကောင်းဉာဏ်ကောင်းများဖြင့် ဆွေးနွေး စေလိုပါကြောင်း ပြောကြားခဲ့ပါသည်။



ဆက်လက်၍ ကော်မတီဝင်ဒုတိယဥက္ကဋ္ဌ စီးပွားရေးရာဝန်ကြီးမှ ခရီးစဉ်လမ်းကြောင်းများ ရေးဆွဲခဲ့ပြီးဖြစ်၍ ဟိုတယ်နှင့်ခရီးသွားညွှန်ကြားမှု ဦးစီးဌာနနှင့် ခရီးသွားလုပ်ငန်းအသင်းအဖွဲ့များ၊ ဟိုတယ်လုပ်ငန်းအသင်း အဖွဲ့များ၊ ဒေသဆိုင်ရာခရီးသွား လုပ်ငန်းကော်မတီ အတွင်းရေးမှူး(ကိုယ်စား) ဒုတိယ ညွှန်ကြားရေးမှူးမှ မကွေးတိုင်းဒေသကြီး အတွင်းသို့ ပြည်တွင်း / ပြည်ပ ခရီးသည်ဝင်ရောက်မှု၊ ယခင်ဒေသဆိုင်ရာ ခရီးလုပ်ငန်းကော်မတီ အစည်း အဝေး (၁ / ၂၀၂၅)မှ ဆုံးဖြတ်ချက်များ အပေါ်ဆောင်ရွက်ပြီးစီးမှု၊ ခရီးသွားလုပ်ငန်းကဏ္ဍအတွင်း လူ့စွမ်းအားအရင်း အမြစ်ဖွံ့ဖြိုးတိုးတက်ရေး ဆောင်ရွက်မည့် အစီအစဉ်များနှင့် ရှေ့ဆက်လက်ဆောင်ရွက်မည့် လုပ်ငန်းစဉ်များအား (Power Point)ဖြင့် ရှင်းလင်း ဆွေးနွေးခဲ့ပါသည်။

## ပဲခူးတိုင်းဒေသကြီး

**ရွှေဟောင်းယဉ်ကျေးမှုအမွေအနှစ်များပြန်လည်ဖော်ထုတ်ထိန်းသိမ်းခြင်း**



၂၀၂၅ခုနှစ်၊ ဖေဖော်ဝါရီလ(၂၀)ရက်နေ့တွင် ပဲခူးတိုင်းဒေသကြီး၊ တောင်ငူမြို့၊ ကေတုမတီ ရွှေဟောင်း မြောက်ဘက်မြို့ရိုး တူးဖော်ထားရှိမှုနှင့် မော်ကွန်းတံခါးပေါက် ပြန်လည်ဖော်ထုတ်ပြီး မော်ကွန်းတံခါးပေါက်နှင့် နန်းတော်ဟောင်းလမ်းအား ပြန်လည်ချိတ်ဆက်၍ ကျုံးအပြင်ဘက်နှင့် မော်ကွန်း တံခါးပေါက်ဆက်သွယ်ထားသည့် တံခါးဟောင်းနေရာအား ပြန်လည်ဖော်ထုတ်ခြင်းများ ဆောင်ရွက်ခဲ့ပါသည်။

## မြန်မာနိုင်ငံခရီးသွားပြပွဲ ကျင်းပနိုင်ရေးဆွေးနွေး

မြန်မာနိုင်ငံရှိခရီးစဉ်ဒေသများအား ကမ္ဘာကသိရှိပြီး ပြည်ပခရီးသွားဧည့်သည်များ ပိုမိုတိုးတက်ဝင်ရောက်လာစေရန် ရည်ရွယ်၍ မြန်မာနိုင်ငံခရီးသွားပြပွဲ ၂၀၂၅ (Myanmar Tourism Fair MTF– 2025) ကျင်းပနိုင်ရေးအတွက် ဟိုတယ်နှင့်ခရီးသွားလာရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးကျော်စိုးဝင်းသည် မြန်မာနိုင်ငံခရီးသွားလုပ်ငန်းအဖွဲ့ချုပ်ဥက္ကဋ္ဌနှင့် ဗဟိုအလုပ်အမှုဆောင်အဖွဲ့ဝင်များအား ဖေဖော်ဝါရီ ၁၁ရက်နေ့မွန်းလွဲပိုင်းတွင် ဝန်ကြီးဌာနရှိ နီလာအစည်းအဝေးခန်းမ၌ တွေ့ဆုံဆွေးနွေးသည်။

တွေ့ဆုံဆွေးနွေးစဉ် ပြည်ထောင်စုဝန်ကြီးက နှုတ်ခွန်းဆက်စကားပြောကြားပြီး မြန်မာနိုင်ငံခရီးသွားလုပ်ငန်းအဖွဲ့ချုပ်ဥက္ကဋ္ဌ ဦးရန်ဝင်းက မြန်မာနိုင်ငံခရီးသွားပြပွဲ ၂၀၂၅ (Myanmar Tourism Fair MTF – 2025) ရည်ရွယ်ချက်များ၊ အာဆီယံဒေသတွင်းနိုင်ငံများနှင့် ချိတ်ဆက်ဆောင်ရွက်သွားလိုသည့်အခြေအနေနှင့် မြန်မာနိုင်ငံရှိ ခရီးစဉ်ဒေသများအား မြှင့်တင်ကြော်ငြာသွားမည့် ကိစ္စရပ်များကို ရှင်းလင်းတင်ပြသည်။




ထို့နောက် မြန်မာနိုင်ငံခရီးသွားလုပ်ငန်းအဖွဲ့ချုပ်ပြပွဲ၊ ပြိုင်ပွဲကျင်းပရေးလုပ်ငန်းကော်မတီ ဥက္ကဋ္ဌ ဦးမင်းသိန်းက ပြပွဲကျင်းပသွားမည့်အစီအစဉ်များ၊ အသင်းအဖွဲ့များ၊ ကုမ္ပဏီများနှင့် ပူးပေါင်း ဆောင်ရွက်သွားမည့်ကိစ္စရပ်များ၊ ဝန်ကြီးဌာနမှ ဆောင်ရွက်ပေးစေလိုသည့် ကိစ္စရပ်များကိုလည်းကောင်း၊ မြန်မာနိုင်ငံခရီးသွားလုပ်ငန်းအဖွဲ့ချုပ် အကြီးတန်းနည်းပညာအကြံပေး ဒေါ်ကြည်ကြည်အေး နှင့် Myanmar Tourism Master Plan (2026 – 2030) ရေးဆွဲရေးဆိုင်ရာအဖွဲ့ဝင်များက မြန်မာ့ခရီးသွားလုပ်ငန်းပင်မစီမံကိန်းရေးဆွဲဆောင်ရွက်နေမှု အခြေအနေကိုလည်းကောင်းဆွေးနွေးကြပြီး တက်ရောက်လာကြသူများက သက်ဆိုင်ရာကဏ္ဍအလိုက် ပါဝင်ဆွေးနွေး တင်ပြကြ သည်။

ယခုကျင်းပမည့် မြန်မာနိုင်ငံခရီးသွားပြပွဲ ၂၀၂၅ အား အာဆီယံဒေသတွင်းနိုင်ငံများမှဆောင်ရွက်သည့် ခရီးသွားပြပွဲများနှင့် ချိတ်ဆက်ဆောင်ရွက်နိုင်ပါက နိုင်ငံတကာကပိုမိုကျယ်ပြန့်စွာ သိရှိနိုင်မည်ဖြစ်ကြောင်း၊ ခရီးသွားကဏ္ဍတိုးတက်ရေးအတွက် ဆောင်ရွက်ရာတွင် မိမိတို့ Industry အတွင်း၌သာမက ဆက်စပ်ကဏ္ဍများနှင့်ပါ ဆက်သွယ်ဆောင်ရွက်ရသည့်အတွက် ခရီးသွားလုပ်ငန်းလုပ်ကိုင်သူများအနေဖြင့် ပိုမိုအားစိုက်ကြိုးပမ်းဆောင်ရွက်ကြရမည်ဖြစ်ကြောင်း၊ မြန်မာနိုင်ငံခရီးသွားလုပ်ငန်း ဖွံ့ဖြိုးတိုးတက်ရေးအတွက် ခရီးသွားလုပ်ငန်းကဏ္ဍအတွင်း ပတ်ဝန်းကျင်ကောင်းများ ဖန်တီးပေးကြရန် လိုအပ်ကြောင်းမှာကြားခဲ့ပါသည်။